# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

# (၂၂) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်

## (၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)

## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၆၆ ဦး တက်ရောက်ပါတယ်။ အစည်း အဝေးသို့တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၈၅.၉၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမကြိမ်ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက် ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၉-၈-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့မှာ အစည်းအဝေးမတက်ရောက် နိုင်ပါ၍ ခွင့်ပန်ကြားသူများကို ပြည်သူ့လွှတ်တော်အခွင့်အရေးကော်မတီမှ တင်ပြခွင့်ပြုပါရန်လေး စားစွာပန်ကြားအပ်ပါတယ်။ ယနေ့အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူကိုယ်စားလှယ် ၄၂၆ ဦး၊ တက်ရောက်သူကိုယ်စားလှယ် ၃၆၆ ဦးဖြစ်ပြီးတော့ ခွင့်ပန်ကြားသူပေါင်း ၆၀ ဦးဖြစ်ပါတယ်။ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူပေါင်း ၁၄ ဦးရှိပြီးတော့ ယနေ့ခွင့်ပန်ကြားသူများမှာ ၄၆ ဦး ဖြစ်ပါတယ်။ ၎င်းတို့မှာ-

(၁) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၂ ရက်၊

(၂) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာချမ်းငြိမ်း ခွင့် ၅ ရက်၊

(၃) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန် ခွင့် ၅ ရက်၊

(၄) မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း အစည်းအဝေးပြီးဆုံးသည်အထိ၊

(၅) သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း ခွင့် ၁ ရက်၊

(၆) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၁ ရက်၊

(၇) ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင် ခွင့် ၁ ရက်၊

(၈) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင် ခွင့် ၁ ရက်၊

(၉) ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့် ခွင့် ၁ ရက်၊

(၁၀) ဒေါပုံမဲဆန္ဒနယ်မှ ဦးလှမြင့် ခွင့် ၁ ရက်၊

(၁၁) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက် ခွင့် ၁ ရက်၊

(၁၂) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၁ ရက်၊

(၁၃) ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် ခွင့် ၁ ရက်၊

(၁၄) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ခွင့် ၅ ရက်၊

(၁၅) သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း ခွင့် ၁ ရက်၊

(၁၆) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၂ ရက်၊

(၁၇) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွဋ်ခေါင်လွင် ခွင့် ၅ ရက်၊

(၁၈) ကျောက်တန်းမဲဆန္ဒနယ်မှ ဦးအောင်ကျော်ခင် ခွင့် ၅ ရက်၊

(၁၉) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၅ ရက်၊

(၂၀) တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ(ခ) ဦးပေါ်ကာ ခွင့် ၁ ရက်၊

(၂၁) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၅ ရက်၊

(၂၂) ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၂၃) လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး ခွင့် ၅ ရက်၊

(၂၄) သံလျင်မဲဆန္ဒနယ်မှ ဦးလွင်ဦး ခွင့် ၁၁ ရက်၊

(၂၅) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၁၁ ရက်၊

(၂၆) မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၁၁ ရက်၊

(၂၇) မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင် ခွင့် ၁ ရက်၊

(၂၈) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၅ ရက်၊

(၂၉) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊

(၃၀) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၂ ရက်၊

(၃၁) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ခွင့် ၁ ရက်၊

(၃၂) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့် ခွင့် ၂ ရက်၊

(၃၃) ကလောမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၁ ရက်၊

(၃၄) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၁ ရက်၊

(၃၅) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို ခွင့် ၅ ရက်၊

(၃၆) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၁ ရက်၊

(၃၇) မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန် ခွင့် ၁ ရက်၊

(၃၈) လောင်းလုံမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၅ ရက်၊

(၃၉) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၁ ရက်၊

(၄၀) ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ ခွင့် ၂ ရက်၊

(၄၁) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး ခွင့် ၁ ရက်၊

(၄၂) ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့် ခွင့် ၁ ရက်၊

(၄၃) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးမင်းသူ ခွင့် ၅ ရက်၊

(၄၄) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၅ ရက်၊

(၄၅) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၅ ရက်နှင့်

(၄၆) ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို ခွင့် ၅ ရက်ဖြစ်ပါတယ်။ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၄၆ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၆၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ရန်ကုန်မြို့နယ်အတွင်း မြေနေရာလွတ်အဖြစ်ကျန်ရှိသည့်မြေနေရာများအား အပန်းဖြေနိုင်သည့်ကွင်းအဖြစ်သတ်မှတ်ပေးပါရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသာဝင်း(ရန်ကင်းမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်းဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ရန်ကင်းမြို့နယ်အတွင်း ကျန်ရှိနေတဲ့မြေနေရာအလွတ်အနည်းငယ်ကို ပြည်သူအများအပန်းဖြေနိုင်တဲ့ကွင်းအဖြစ် သတ်မှတ်ထားရှိပေးပါရန်နှင့် သတ်မှတ်ပေး

နိုင်ခြင်းရှိ/မရှိသိရှိလိုတဲ့မေးခွန်းဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကင်းမြို့နယ်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက စီမံခန့်ခွဲခွင့်ရှိတဲ့မြေနေရာများမှာ မြို့ရွာဖွံ့ဖြိုးတိုးတက်ရေးကိုရည်ရွယ်ပြီး မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ အဆင့်မြင့်တိုက်တာ အဆောက်အဦများကို တိုးချဲ့ဆောက်လုပ်ပေးလျက်ရှိပါတယ်။ အဲ့ဒီလို နေရာလပ်များကိုတိုးချဲ့ဆောက်လုပ်ပေးလျက်ရှိတဲ့အတွက် မြို့နေပြည်သူများ ခြေဆန့်လက်ဆန့် အပန်းဖြေအနားယူနိုင်ရန်၊ လူငယ်များဆော့ကစားရန်နှင့် အကြောင်းပေါ်ပေါက်ပါက စုစည်းနိုင်တဲ့ မြေနေရာ ရှားရှားပါးပါးဖြစ်လာပါတယ်။ ယခုအခါမှာ ကျွန်တော်တို့မြို့နယ်အတွင်း အမှတ်(၁) ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်နှင့် အမှတ်(၆)ရပ်ကွက်များမှာ မြေနေရာအနည်း ငယ်ကျန်ရှိနေပါတယ်။ သို့ဖြစ်ပါ၍ အထက်တင်ပြပါ ကျန်ရှိနေတဲ့မြေနေရာအလွတ်များကို အကြောင်းပေါ်ပေါက်ပါက ပြည်သူများစုစည်းနိုင်ရေးနှင့် လူငယ်များ၊ သက်ကြီးရွယ်အိုများအပန်းဖြေနိုင်တဲ့ ကွင်းအဖြစ်သတ်မှတ်ထားရှိပေးပါရန်နှင့် မည်သည့်အချိန်တွင်သတ်မှတ်ထားရှိပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဘုန်းဆွေ(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဘုန်းဆွေဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာဝင်းမေးမြန်းတဲ့ ရန်ကင်းမြို့နယ်အတွင်း သက်ကြီးရွယ်အိုများအပန်းဖြေရန်၊ ကလေးသူငယ်များဆော့ကစားရန်အတွက် မြေနေရာလွတ်အဖြစ်ကျန်ရှိသည့်မြေနေရာများကို အပန်းဖြေကွင်းအဖြစ်သတ်မှတ်ပေးပါရန်ကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အမှတ်(၁)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်နှင့် အမှတ်(၆) ရပ်ကွက်များမှာ မြေတိုင်းရပ်ကွက်အမှတ်(၈၆/ကံဘဲ့)၊ (၈၇/ကံဘဲ့)အတွင်းပါဝင်၍ ရန်ကင်းအိမ်ရာနဲ့ဆက်စပ်လျက်ရှိသော မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနပိုင်မြေနေရာဖြစ်ကြောင်း စိစစ်ဖြေကြားလာခြင်းအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှစီမံခန့်ခွဲသည့် ရန်ကင်းအိမ်ရာစခန်းဧရိယာအတွင်းရှိမြေလွတ်၊ မြေလပ်များတွင် ပန်းခြံ၊ ကစားကွင်းမြေအဖြစ် သတ်မှတ်ပေးနိုင်မည့်မြေနေရာများကို ခွင့်ပြုသတ်မှတ်

ပေးမည်ဖြစ်ကြောင်းနှင့် ရန်ကင်းမြို့နယ်ရှိရပ်ကွက်များအတွင်း အစိုးရမြေများပေါ်ရှိ စနစ်တကျမရှိသည့်နေအိမ်အဆောက်အဦများအား မြို့ပြအင်္ဂါရပ်နဲ့အညီ အဆင့်မြှင့်ဆောင်ရွက်ပါက ပြည်သူတို့အတွက်လိုအပ်သည့် ကစားကွင်းများ၊ ပန်းခြံများထည့်သွင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် သက်ကြီးရွယ်အိုများ နေ့လယ်နေ့ခင်းပိုင်းအနားယူရန်အတွက် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်းတွင် သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာတစ်ခုဖွင့်လှစ်၍ သက်ကြီးရွယ်အိုများအတွက် လူမှုရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အပန်းဖြေအနားယူနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကင်းမြို့နယ်အတွင်း မြို့နယ်နေသက်ကြီးရွယ်အိုများအပန်းဖြေရန်၊ ကလေးများဆော့ကစားရန်မြေနေရာလွတ် အဖြစ်ကျန်ရှိသည့်မြေနေရာများအား အပန်းဖြေနိုင်သည့်ကွင်းအဖြစ်သတ်မှတ်ပေးနိုင်ပါရန်ကိစ္စနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ပေးနိုင်သည့်လုပ်ပိုင်ခွင့်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ရခိုင်ပြည်နယ်၏မြို့နယ်များရှိသင့်လျော်သောနေရာများတွင် မုန်တိုင်းဒဏ်ခံ (Cyclone Shelter) အားတည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးရဲထွန်း(သံတွဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ သံတွဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာ နှစ်စဉ်မုန်တိုင်းဒဏ်ခံရတဲ့ပြည်နယ်ဖြစ်ပါတယ်။ မြန်မာတစ်နိုင်ငံလုံးမှာ ရခိုင်ပြည်နယ်တစ်ခုပဲ နှစ်စဉ်မုန်တိုင်းတိုက်ပါတယ်။ ဒီနှစ်စဉ်မုန်တိုင်းတိုက်တဲ့ ရခိုင်ပြည်နယ်မှာ ဒေသခံပြည်သူတွေဟာ မုန်တိုင်းလာလို့ရှိရင်ရှောင်ဖို့၊ တိမ်းဖို့၊ ပြေးဖို့လွှားဖို့အတွက်က အင်မတန်အခက်အခဲတွေ့ပါတယ်။ တောင်ကုန်းမရှိတဲ့ဒေသတွေအများကြီးရှိပါတယ်။ ဒါကြောင့် ရခိုင်ပြည်နယ်မှာ သင့်လျော်တဲ့နေရာများမှာ မုန်တိုင်းဒဏ်ကိုခံနိုင်တဲ့ Cyclone Shelter ၊ ပြည်သူတွေနားခိုနေနိုင်တဲ့ Cyclone Shelter များဆောက်ပေးဖို့ အစီအစဉ်ရှိ/မရှိသိလိုကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဘုန်းဆွေ(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဘုန်းဆွေ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ သံတွဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းမေးမြန်းသည့်မေးခွန်းနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်သည် ပင်လယ်ကမ်းရိုးတန်းနှင့် ဆက်စပ်တည်ရှိသောကြောင့် မုန်တိုင်းဝင်ရောက်လာလျှင် အရေးပေါ်ခိုလှုံနိုင်သော မုန်တိုင်းဒဏ်ခံ (Cyclone Shelter) များ၊ အသက်ကယ်ကုန်းမြင့်များ (Hillock)၊ ဆက်သွယ်ရေးတံတားများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်လိုအပ်မှာဖြစ်ပါတယ်။ သို့ရာတွင် ရခိုင်ပြည်နယ်၏ ရေမြေသဘာဝအရ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် ဒီရေတောများရှိခြင်း၊ ပင်လယ်ကမ်းရိုးတန်းအနီးတစ်ဝိုက်တွင် တောင်ကုန်းတောင်တန်းများ ထူထပ်စွာတည်ရှိနေခြင်းတို့ကြောင့် အရေးပေါ်အခြေအနေတွင် ရွှေ့ပြောင်းခိုလှုံနိုင်ရေးနေရာများသတ်မှတ်၍ စီစဉ်ဆောင်ရွက်နိုင်လျှင် မုန်တိုင်းဒဏ်မှ အထိုက်အလျောက် အကာအကွယ်ရရှိနိုင်မှာဖြစ်ပါတယ်။

၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့သည် ရခိုင်ပြည်နယ်ကဲ့သို့ တောင်ကုန်းတောင်တန်းများမရှိခြင်း၊ မြေပြန့်လွင်ပြင်ဖြစ်ခြင်းနှင့် ခိုလှုံရန်နေရာနည်းပါးခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရသည် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနဲ့ပူးပေါင်း၍ မုန်တိုင်းဒဏ်ခံ (Cyclone Shelter) ၅၆ လုံးကို ဦးစားပေးတည်ဆောက်ပေးခဲ့ခြင်းကြောင့် ရေလွှမ်းမိုးမှု၊ မုန်တိုင်းဘေးအန္တရာယ်များပေါ်ပေါက်ပါက ဒေသခံလူဦးရေ ၁၀၀၀၀၀ ကျော်အားလွှမ်းခြုံနိုင်သော်လည်း နာဂစ်မုန်တိုင်းကဲ့သို့ ပြင်းထန်သောမုန်တိုင်းကြီးများ ထပ်မံကျရောက်လာပါက ကမ်းခြေဒေသတစ်လျှောက်ရှိ လူဦးရေ ၇၀၀၀၀ ကျော်မှာ မလွဲမသွေဘေးဒဏ်ခံစားရမှာဖြစ်ပါတယ်။ ယင်းသို့သောအခြေအနေရှိသည့် ဧရာဝတီတိုင်းဒေသကြီးအတွက် ထပ်မံလိုအပ်သော မုန်တိုင်းဒဏ်ခံအဆောက်အဦ ၄၅ လုံး တည်ဆောက်ရန်ပင် နိုင်ငံတော်ဘတ်ဂျက်တွင် လျာထားနိုင်ခြင်းမရှိသေးပါကြောင်းနှင့် နိုင်ငံခြားအထောက်အပံ့အကူအညီရရှိပါက တည်ဆောက်သွားရန်လျာထားပြီးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ထို့အတူ ရခိုင်ပြည်နယ်တွင် နိုင်ငံခြားအထောက်အပံ့နဲ့အကူအညီများရရှိမှုအပေါ်မူတည်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၌ ပေါက်တော၊ ရသေ့တောင်၊ မြေပုံနှင့် မင်းပြားမြို့နယ်များတွင် အရွယ်အစား

(၂၄x၁၆x၂၂.၅)ပေရှိ ဘက်စုံသုံးမုန်တိုင်းဒဏ်ခံအဆောက်အဦ ၂၅၁ လုံးနှင့် ရမ်းဗြဲ၊ ကျောက်ဖြူ၊ တောင်ကုတ်၊ သံတွဲ၊ မောင်တော၊ ဂွ၊ စစ်တွေနှင့် မာန်အောင်မြို့နယ်များတွင် (၁၀၀x၁၀၀x၅၀)ပေရှိ School Cum Shelter သာမန်အချိန်တွင်စာသင်ကျောင်းပြုလုပ်နိုင်ပြီး အရေးပေါ်အခြေအနေတွင် ဘေးခိုလှုံရာအဆောက်အဦအဖြစ်အသုံးပြုနိုင်သော သဘာဝဘေးဒဏ်ခံအဆောက်အဦ ၁၆၂ လုံး ဆောက်လုပ်ပေးနိုင်ရန် လျာထားပါကြောင်းနှင့် ယင်းအကူအညီများရရှိခဲ့ပါက သတ်မှတ်ကာလအတွင်း Cyclone Shelter များကို အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ် သံတွဲမြို့နယ်ရှိ သင့်လျော်သောနေရာများတွင် မုန်တိုင်းဒဏ်ခံ Cyclone Shelter များ တည်ဆောက်ပေးရန်အတွက် လတ်တလောတွင်အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းတင်ပြ ဖြေကြားအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် ဂွမြို့နယ်ကဲ့သို့ စားသောက်ဆိုင်များတွင် ဘီယာ၊ အရက်များ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်နေခြင်းတို့တွင် ဥပဒေနှင့် ညီညွတ်မှုရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်က ဂွမဲဆန္ဒနယ်မှ ဦးကြည်သာဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဂွမဲဆန္ဒနယ်မှ ပြည်သူများရဲ့တင်ပြချက်အရ ကြယ်ပွင့်ပြမေးခွန်းအပေါ်မေးမြန်းရခြင်းဖြစ်ပါတယ်။ ဂွမြို့နယ်မှာ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ယစ်မျိုးလိုင်စင်များဖြစ်တဲ့ D-1 စက်ရုံတည်ဆောက်ပြီးတော့ အရက်ချက်လုပ်ခွင့်လိုင်စင်၊ အရက်ပြင်းသိုလှောင်ရောင်းချခြင်းလိုင်စင်၊ ဘီယာများရောင်းချခွင့်(လက်ကား)လိုင်စင်နှင့် ပုလင်းဘူးစို့ဖြင့်စွပ်ထားသော အရက်များကို လက်ကားရောင်းချခွင့်လိုင်စင်များကို ရယူဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါပုဂ္ဂိုလ်ရဲ့တင်ပြချက်အရ မြို့ပေါ်နှင့်ကျေးရွာများရှိ စားသောက်ဆိုင်များတွင် ဘီယာနှင့်အရက်မျိုးစုံကို သံတွဲမြို့နှင့် ရန်ကုန်မြို့မှ မှာယူရောင်းချနေခြင်းသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို လုပ်ကိုင်သော မော်တော်ကားပိုင်ရှင် ကားဂိတ်များဟာလည်း ဘီယာ၊ အရက်များကို မျှောစာမပါဘဲ သယ်ယူရောင်းချနေတဲ့အတွက် ယစ်မျိုးဥပဒေဖောက်ရာကျရောက်တဲ့အတွက်ကြောင့် ဥပဒေအရ အရေးယူသင့်ကြောင်း အဆိုပါစီးပွားရေးလုပ်ငန်းရှင်က တင်ပြလာပါတယ်။ ဒီနေရာမှာ မြန်မာနိုင်ငံအနှံ့အပြား တစ်ပြည်လုံးမှာ ကျွန်တော်တို့ ဂွမြို့နယ်လို သေးငယ်တဲ့မြို့နယ်မှာမဟုတ်ပါဘူး နေရာတိုင်းမှာ ဘီယာ၊ အရက်စတာတွေကို မော်တော်ကားတွေနဲ့နေ့စဉ် ရေယာဉ်များနှင့်လည်း သယ်ပို့ရောင်းချနေတာလည်း တွေ့ရပါတယ်။ အဲ့ဒီတော့ ဒီလိုသယ်ပို့နေခြင်းဟာ မျှောစာမပါတဲ့အတွက်ကြောင့် အရေးယူခံရနေ

မယ်ဆိုပြီးတော့ ဒီပုဂ္ဂိုလ်က တင်ပြလာတယ်။ ကျွန်တော်တို့ ယခုကဲ့သို့ မေးမြန်းရခြင်းမှာ ကျွန်တော့် မဲဆန္ဒရှင်တွေနဲ့ မကြာခင်တွေ့ဆုံတဲ့အခါမှာ ဥပဒေအရကတော့ ဒီလိုဒီလိုရှိတယ်။ ဒါကို လုပ်ပိုင်ခွင့်၊ လုပ်သင့်/မလုပ်သင့်ဆိုတာကို ကျွန်တော့်အနေနဲ့ ရှင်းပြမှာသာ ဖြစ်မယ်အတွက်ကြောင့် ယခုကဲ့သို့ မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော့်မေးခွန်းကတော့ မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် ဂွမြို့နယ်ကဲ့သို့ စားသောက်ဆိုင်များတွင် ဘီယာ၊ အရက်များရောင်းချခြင်း၊ ဘီယာ၊ အရက်များ သယ်ယူပို့ဆောင်ခြင်းစသည်တို့သည် (၁) ဥပဒေနှင့်ညီညွတ်မှုရှိ/မရှိ။ ညီညွတ်မှုမရှိပါက မည်ကဲ့သို့ အရေးယူဆောင်ရွက်နိုင်မည်နည်း။ (၂) မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် ယစ်မျိုးလိုင်စင်များဖြစ်သည့် D-1, FL-6, FL-8, FL-11 လိုင်စင်ယူထားသည့် လိုင်စင်စုစုပေါင်း မည်မျှရှိသည်ဆိုသည့်မေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခု ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာရဲ့ မေးခွန်းနှင့်စပ်လျဉ်းလို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ယစ်မျိုးစီမံခန့်ခွဲရေးလုပ်ငန်းတွေကို ကိုလိုနီခေတ်မှစပြီးတော့ ၁၉၇၂ ခုနှစ် စနစ်သစ်အုပ်ချုပ်ရေးအကောင်အထည်ဖော်တဲ့အချိန်အထိ ယစ်မျိုးဌာနဝန်ထမ်းများနဲ့ အထွေထွေအုပ်ချုပ်ရေးကိုတာဝန်ခံဆောင်ရွက်ရတဲ့ တိုင်းမင်းကြီး၊ ခရိုင်ဝန်၊ ကောလိပ်တော်အရာရှိ၊ နယ်ပိုင်နှင့် မြို့ပိုင်များက ပူးတွဲတာဝန်ယူဆောင်ရွက်ခဲ့ကြပါတယ်။ ၁၉၇၂ ခုနှစ် အုပ်ချုပ်ရေးစနစ်သစ်အရ ယစ်မျိုးဌာနကို ဖျက်သိမ်းပြီး ယစ်မျိုးစီမံခန့်ခွဲရေးနှင့်အခွန် ၄ မျိုးကောက်ခံရေးတာဝန်ကို ပြည်တွင်းအခွန်များဦးစီးဌာနသို့လည်းကောင်း၊ တားဆီးနှိမ်နင်းရေးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့လည်းကောင်း လွှဲပြောင်းပေးအပ်ခဲ့ပြီး ကြီးကြပ်ကွပ်ကဲရန် ယခင်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့များသို့ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် (၁၃/၁၉၇၇)ဖြင့် လုပ်ပိုင်ခွင့်များအပ်နှင်းခဲ့ပါတယ်။ ယခင်နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကာလမှာ ယစ်မျိုးစီမံခန့်ခွဲရေးနှင့် အခွန် ၄ မျိုးကောက်ခံရေးလုပ်ငန်းများကို

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လွှဲပြောင်းတာဝန်ယူဆောင်ရွက်စေခဲ့ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသစ်လက်ထက်မှာ ယစ်မျိုးစီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှာ ၁၉၁၇ ခုနှစ် မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ၊ ၁၉၂၈ ခုနှစ် မြန်မာနိုင်ငံ ယစ်မျိုးနည်းဥပဒေနှင့် ၁၉၁၇ ခုနှစ် ယစ်မျိုးအက် ဥပဒေအရထုတ်ပြန်ခဲ့တဲ့ အမိန့်ကြော်ငြာချက်များ၊ ၁၉၂၉ ခုနှစ် ယစ်မျိုးညွှန်ကြားချက်များနှင့် ၁၉၆၀ ခုနှစ် ယစ်မျိုးလက်စွဲဥပဒေတို့ကို ကျင့်သုံးပြီး ယစ်မျိုးစီမံခန့်ခွဲခြင်းကိုပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ ကြီးကြပ်မှုနှင့်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှဆောင်ရွက်ပြီး ယစ်မျိုးဥပဒေအရ အရေးယူဆောင်ရွက်ခြင်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှာရှိတဲ့ စားသောက်ဆိုင်များမှာ ဘီယာနှင့်အရက်များ ရောင်းချရန်သယ်ယူပို့ဆောင်နေခြင်းတို့အတွက် ယစ်မျိုးနည်းဥပဒေ အပိုဒ် ၁၂၄ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၁)၊ (၂)၊ (၃) တို့အရ အရက်သယ် ဆောင်ခွင့်ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ စတင်ပို့ဆောင်တဲ့ဒေသမှာရှိတဲ့ ခရိုင်အုပ်ချုပ်ရေးမှူးရဲ့ သယ်ဆောင်ခွင့်လက်မှတ်ဖြင့်သာ သယ်ယူရမှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်ကျော် သယ်ယူတဲ့ကိစ္စမှာ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အုပ်ချုပ်ရေးမှူးရဲ့ အတည်ပြုချက်နှင့် ခရိုင်အုပ်ချုပ်ရေးမှူးမှ CS-2, D-1A, FL-6, FL-11, FL-12 လိုင်စင်ရှိသူများကိုသာ သယ်ဆောင်ခွင့် လက်မှတ်ထုတ်ပေးမှာဖြစ်ပါတယ်။ ယစ်မျိုးဆိုင်ရာစီမံခန့်ခွဲမှုများမှာ နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့အခွန်များ အပြည့်အဝရရှိစေရန်နှင့် လိုင်စင်မဲ့ဆောင်ရွက်မှုများကို ဥပဒေနှင့်အညီ စနစ်တကျအရေးယူနိုင်ရန် ယစ်မျိုးလိုင်စင်ခွန်များ တိုးမြှင့်ကောက်ခံရေးနှင့် စိစစ်ကြပ်မတ်ရေးအဖွဲ့ (Task Forces)များကို မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ဗဟိုအဆင့်အဖွဲ့များ ဖွဲ့စည်းပြီးပညာပေး ဆွေးနွေးခြင်းနည်းလမ်း၊ စီမံခန့်ခွဲရေးနည်းလမ်းနဲ့ အုပ်ချုပ်ရေးနည်းလမ်းများဖြင့် အဆင့်ဆင့် ဆောင်ရွက်လျက်ရှိပါတယ်။ ယစ်မျိုးလိုင်စင်ရရှိထားတဲ့သူက မိမိရယူထားတဲ့ လိုင်စင်အမျိုးအစားနဲ့ ကိုက်ညီတဲ့ယစ်မျိုးများကို သတ်မှတ်ချက်နဲ့အညီ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်း ဆောင်ရွက်ပါက ပြဋ္ဌာန်းထားတဲ့ ယစ်မျိုးအက်ဥပဒေအရ ညီညွတ်မှုရှိပြီး အဲ့ဒီလိုမဟုတ်ပါက မြန်မာနိုင်ငံယစ်မျိုး အက်ဥပဒေပုဒ်မ ၇၊ ၉ နှင့် ၁၂ တို့အရ အခွင့်အာဏာရှိသူ၏ ခွင့်ပြုချက်မရှိဘဲ ယစ်မျိုးသက်ဝင် ပစ္စည်းများကို နိုင်ငံတော်အတွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း မပြုရဟူသော တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်လို့ ယစ်မျိုးအက်ဥပဒေပုဒ်မ ၃၀ အရ အရေးယူဆောင်ရွက်ခြင်းခံရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ယစ်မျိုးလိုင်စင်ရယူထားခြင်းမရှိဘဲ လိုင်စင်မဲ့အရက်ရောင်းချခြင်း၊ တရားဝင် ယစ်မျိုးလိုင်စင်ရယူထားပေမယ့်လည်း ခွင့်ပြုထားတဲ့လိုင်စင်အမျိုး အစားနှင့်မကိုက်ညီတဲ့ အရက်များ

ရောင်းချခြင်းနှင့် သတ်မှတ်လိုင်စင်စည်းကမ်းများ ဖောက်ဖျက်ကျူးလွန်ပါက တည်ဆဲယစ်မျိုးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိရာမှာ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ ဂွမြို့နယ်မှာ လိုင်စင်မဲ့ယစ်မျိုး ဆိုင် ၆ ဆိုင်ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်ခဲ့ပါတယ်။ ယစ်မျိုးစိစစ်ကြပ်မတ်ရေးအဖွဲ့များဖြင့် ကွင်းဆင်းစစ်ဆေးဆောင်ရွက်မှုမှာ ရခိုင်ပြည်နယ်၌ ၂၄၁ မှုဖမ်းဆီးအရေးယူခဲ့ပြီး တစ်နိုင်ငံလုံးအနေဖြင့် ၁၁၁၆၅ မှု ဖမ်းဆီးအရေးယူ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ယစ်မျိုးလိုင်စင်ခွင့်ပြုချထားပေးမှု အခြေအနေမှာ ရခိုင်ပြည်နယ်မှာ D-1 လိုင်စင် ၃ ခု၊ FL-6 လိုင်စင် ၂၂ ခု၊ FL-8 လိုင်စင် ၃ ခု၊ FL-11 လိုင်စင် ၅ ခု အပါအဝင် ယစ်မျိုးလိုင်စင်ပေါင်း ၁၀၆၃ ခုရှိပြီး ဂွမြို့နယ်မှာ D-1 လိုင်စင် ၁ ခု၊ FL-6 လိုင်စင် ၁ ခု၊ FL-8 လိုင်စင် ၂ ခု၊ FL-11 လိုင်စင် ၂ ခု အပါအဝင် ယစ်မျိုးလိုင်စင်ပေါင်း ၁၄၇ ခုရှိပါတယ်။ တစ်နိုင်ငံလုံးအနေဖြင့် ယစ်မျိုးလိုင်စင်ချထားပေးမှုမှာ အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့်နဲ့ ချက်လုပ်ခွင့် D-1 လိုင်စင် ၇၄ ခု၊ မြန်မာပြည်တွင်းမှာရှိတဲ့ အရက် ချက်စက်ရုံများမှာ ထုတ်လုပ်တဲ့ နိုင်ငံခြားအရက်ပြင်းများကို လက်ကားရောင်းချခွင့် FL-6 လိုင်စင် ၅၁၅ ခု၊ မြန်မာပြည်တွင်းမှာရှိတဲ့ ဘီယာစက်ရုံများမှာ ထုတ်လုပ်တဲ့ဘီယာများကို လက်ကားရောင်းချခွင့် FL-8 လိုင်စင် ၃၁ ခု၊ နိုင်ငံခြားအရက်များကို လက်ကားရောင်းချခွင့် FL-11 လိုင်စင် ၁၁၅ ခု အပါအဝင် ယစ်မျိုးလိုင်စင်အရေအတွက်ပေါင်း ၄၁၂၆၃ ခုကို ခွင့်ပြုချထားပေးခဲ့ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မြန်မာနိုင်ငံရဲတပ်ဖွဲ့များသို့ အချုပ်ယာဉ်၊ လှည့်ကင်း/လုံခြုံရေးဆောင်ရွက်ရန်ယာဉ်နှင့် အဓိကရုဏ်းနှိမ်နင်းရေးယာဉ်စသည်တို့ကို စီမံချက်ရေးဆွဲပြီး ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦးမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရဲထွဋ်ဦး(နတ်တလင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တရားဥပဒေစိုးမိုးရေးရှိ/မရှိကို ဝေဖန်သုံးသပ်ရာတွင် ၎င်းတာဝန်ယူဆောင်ရွက်နေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် ဆက်စပ်ပစ္စည်းများဖြစ်သည့် ရဲတပ်ဖွဲ့သုံးယာဉ်များနှင့် အခြားအသုံးအဆောင်ပစ္စည်းများကို ခေတ်နှင့်အညီ ဖြည့်ဆည်း

ပေးနိုင်ခြင်းရှိ/မရှိကိုလည်း စဉ်းစားပေးသင့်ပါတယ်။ အထူးသဖြင့် ယခုမြန်မာနိုင်ငံရဲ တပ်ဖွဲ့ဝင်အများစုသည် မိမိအစီအစဉ်ဖြင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်လုပ်ကိုင် နေကြသည်ကိုလည်းတွေ့မြင်ရပါတယ်။ မြို့နယ်အတွင်းဆူပူမှု၊ အကြမ်းဖက်မှုများ စတင်ဖြစ်ပွားပါက မြို့နယ်ရဲတပ်ဖွဲ့ကပင် စတင်ထိန်းသိမ်းရပြီး အချိန်နှင့်တစ်ပြေးညီဟန့်တားကာကွယ်ရန်နှင့် ထိရောက်မြန်ဆန်စွာအင်အားဖြည့်ဆောင်ရွက်နိုင်ရန်အတွက် ယာဉ်များအသုံးပြုရန် လိုအပ်လာပါတယ်။ တရားခံများဖမ်းဆီးရန်နှင့် အဓိကရုဏ်းများဖြစ်ပွားပါက အခင်းဖြစ်နေရာသို့ အချိန်မီသွားရောက်ရန်နိုင်ရန်ယာဉ်များမလုံလောက်ခြင်း၊ ကောင်းမွန်မှုမရှိခြင်း၊ လိုအပ်သည့်မော်တော်ယာဉ် နှင့်စက်သုံးဆီများကိုလည်း ရဲတပ်ဖွဲ့ဝင်များသည် မြို့နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ ယာဉ်ပိုင်ရှင်များထံမှ အကူအညီတောင်းခံနေရပါတယ်။ ထို့အပြင် မြို့နယ်အသီးသီးတွင်လည်း အချုပ်ယာဉ်များမှာ လုံလောက်မှုမရှိသည့်အပြင် ရှိသည့်ယာဉ်များမှာလည်း ပျက်စီးယိုယွင်းနေပါသဖြင့် အသစ်ဖြည့်စွက်ဆောင်ရွက်ပေးရန်လည်း လိုအပ်နေပြီဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မြို့နယ်အသီးသီးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့များသို့ အချုပ်ယာဉ်၊ လှည့်ကင်း၊ လုံခြုံရေးဆောင်ရွက်ရန်ယာဉ်နှင့် အဓိကရုဏ်းနှိမ်နင်းရေးယာဉ်စသည်တို့ကို စီမံချက်ရေးဆွဲ၍ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်ဦးရဲ့ မေးခွန်းနှင့်စပ်လျဉ်းလို့ ကျွန်တော်မှ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များသို့ မော်တော်ယာဉ်မျိုးစုံ ၂၇၂၅ စီး ဖြန့်ခွဲထားရှိပြီး လှည့်ကင်းလုံခြုံရေးနဲ့ အုပ်ချုပ်မှုယာဉ်များအဖြစ် အသုံးပြုလျက်ရှိပါတယ်။ အဆိုပါယာဉ်များအနက် အချုပ်သားတင်ယာဉ် ၉၁ စီးကို တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များသို့ ဖြန့်ခွဲထားရှိပါတယ်။ လုံခြုံရေးဆောင်ရွက်ရန် ဖော/လန်ဂျန်းယာဉ် ၂၂၀ စီးရှိပြီး ရဲတပ်ရင်းများသို့ ဖြန့်ခွဲထားရှိပါတယ်။ ဒါ့အပြင် အေရိုးလတ် အမျိုးအစားယာဉ်ကြီးများကို အဓိကရုဏ်းနှိမ်နင်းရေးယာဉ်အဖြစ် ပုံစံပြောင်းလဲပြီး ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှာ ၂ စီး၊ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှာ ၂ စီး၊ အမှတ် (၂)

ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့မှူးရုံး(ရန်ကုန်) မှာ ၂ စီးနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှာ အရံအသင့်ယာဉ်အဖြစ် ၂ စီး၊ စုစုပေါင်း ၈ စီးကို ဖြန့်ခွဲထားရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးဖို့ လိုအပ်လျက်ရှိတဲ့ မော်တော်ယာဉ်များကို အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသို့ တောင်းခံ၍လည်းကောင်း၊ နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဘဏ္ဍာရေးနှစ်အလိုက် ဝယ်ယူဖြည့်တင်းပေးခြင်းဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် လှည့်ကင်းနှင့် လုံခြုံရေးအသုံးပြုရန် ဆလွန်းယာဉ် ၄၄ စီး၊ Double cab ယာဉ် ၁၀၀ စီးနှင့် အချုပ်ယာဉ် ၁၆ စီး၊ မော်တော်ဆိုင်ကယ် ၁၅၀ စီး ဝယ်ယူခွင့် ရရှိခဲ့ပြီးဖြစ်လို့ ပြည်ထဲရေးဝန်ကြီးဌာန ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီမှ အိတ်ဖွင့်တင်ဒါဈေးပြိုင်စနစ်ဖြင့် ဝယ်ယူရေးဆောင်ရွက်လျက်ရှိပြီး ဝယ်ယူပြီးပါက ဖြန့်ဝေထုတ်ပေးရေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ် ဇွန်လအတွင်းမှာ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာနမှ မြန်မာ Double cab၊ Single cab ယာဉ် ၆၃ စီး ထပ်မံခွဲဝေ ရရှိခဲ့တဲ့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အသစ်တိုးချဲ့ဖွဲ့စည်းခဲ့တဲ့ တပ်ဖွဲ့များသို့ ခွဲဝေထုတ်ပေးထား ရှိပါကြောင်းနှင့် မော်တော်ယာဉ်များ ထပ်မံဖြည့်တင်းရရှိလာပါက မြို့နယ်အသီးသီးသို့ ဆက်လက်ခွဲဝေထုတ်ပေးရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မြန်မာခိုးကူးခွေမပါရှိခြင်း၊ ညစ်ညမ်းခွေ မပါရှိခြင်း စသည့်အချက်များဖြင့် အဖမ်းခံနေရသော မြန်မာနိုင်ငံသားများအား ဒဏ်ငွေတစ်ခုသာ ချမှတ်ပြီး အပြစ်ဒဏ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်လဲ့လဲ့ဝင်းဆွေ(တာမွေမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနဲ့ လေ့လာရေးလာကြသော ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်လဲ့လဲ့ဝင်းဆွေ ဖြစ်ပါတယ်ရှင်။ ကျွန်မဒီကနေ့မေးရတဲ့ အကြောင်းကတော့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ဆင်းဆင်းရဲရဲလုပ်ကိုင်စားသောက်နေရတဲ့ နိုင်ငံသားများအတွက် သူတို့ရဲ့လာရောက်ဆွေးနွေးမှုအပေါ်မှာ ကျွန်မဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်ရှင်။ ရိုသေလေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ၁၉၈၆ ခုနှစ် မြန်မာနိုင်ငံဗီဒီယို ဥပဒေအရ မြန်မာခိုးကူးခွေနဲ့ ဆင်ဆာမဲ့ဗွီဒီယိုခွေများနဲ့ ပတ်သက်ပြီး ရောင်းချခြင်း၊ သယ်ယူခြင်း၊ ထုတ်လုပ်ဖြန့်ဖြူးခြင်း စတဲ့ကိစ္စများအတွက် ငွေဒဏ်နဲ့

ထောင်ဒဏ်ဥပဒေများရှိခဲ့ပါတယ်ရှင်။ ၎င်းထဲမှာ နိုင်ငံခြားကား (ဥပမာအားဖြင့် တရုတ်ကား၊ ကိုရီးယားကား၊ အင်္ဂလိပ်ကား)များကို ရောင်းချပြီး ဝမ်းရေးရှာဖွေစားသောက်နေရသူများ အဖမ်းခံရတဲ့ အခါမှာ မြန်မာခိုးကူးခွေမပါရှိခြင်း၊ ညစ်ညမ်းခွေမပါရှိခြင်း စသည်များဖြစ်သော်လည်း သူတို့ဟာ နိုင်ငံခြား ကားများကိုသာ ရောင်းချခဲ့တာကို အများအပြားတွေ့ရှိရပါတယ်။ ဤကဲ့သို့အမှုများ အပေါ်မှာ ယခုအခါ ထောင်ဒဏ်နဲ့ငွေဒဏ် ပူးတွဲပြီး အမိန့်ချမှတ်တာမျိုး ပြစ်ဒဏ်ပေးခြင်းများကိုလည်း သိရှိနေရပါတယ်။ ထူးခြားတာကတော့ ၎င်းဗီဒီယိုအမှုကို တရားရုံးများကို သီးခြား နေ့စဉ်အစီရင်ခံနေရတာကိုလည်း သိရှိနေရပါတယ်။ မြို့နယ်တရားရုံးများမှာ တရားသူကြီးများက ဒဏ်ငွေကိုရိုက်သင့်လို့ ဒဏ်ငွေကိုရိုက်လိုက်တဲ့အခါမှာလည်း အဲဒီ့ တရားသူကြီးများကို ကြိမ်းမောင်းခံရတယ်ဆိုတာလည်း သိရှိရပါတယ်။ ထောင်ဒဏ် ၄ လချလိုက်ရင်လည်း ရန်ကုန်တိုင်းဒေသကြီး ဥပဒေရုံးများက အယူခံပြင်ဆင်မှုများပြုလုပ်နေတာကိုလည်း သိရှိရပါတယ်ရှင်။ သို့ဖြစ်ပါ၍ ကျွန်မမေးလိုတဲ့ မေးခွန်းကတော့ မြန်မာခိုးကူးခွေများမပါရှိခြင်း၊ ညစ်ညမ်းခွေမပါရှိခြင်း၊ ၎င်းအချက်နှစ်ချက်နဲ့ အဖမ်းခံနေရတဲ့ မြန်မာနိုင်ငံသားများအား ဒဏ်ငွေတစ်ခုတည်းသာ ချမှတ်ပြီး ပြစ်ဒဏ်ပေးဖို့ အစီအစဉ် ရှိ/မရှိကို မေးမြန်းလိုပါတယ်။ အဲ့ဒီလို အစီအစဉ် ရှိပါကလည်း မည်သည့်အချိန်မှာ စတင်ဆောင်ရွက်မှာကို သိရှိလိုပါတယ်။ အစီအစဉ်မရှိပါက အဘယ့်ကြောင့်နည်းလို့လည်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အခု ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်လဲ့လဲ့ဝင်းဆွေ ရဲ့မေးခွန်းနဲ့ စပ်လျဉ်းလို့ ကျွန်တော်မှ ဆက်လက် ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှာ ရုပ်မြင်သံကြား၊ ဗွီဒီယို ဥပဒေကို ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့မှာ စတင်အတည်ပြုပြဋ္ဌာန်းခဲ့ပြီး လက်ရှိအချိန် ကာလအထိ အဲ့ဒီ ဥပဒေကို ပြင်ဆင်မှုမရှိသေးကြောင်း သိရှိရပါတယ်။ ၁၉၉၆ ခုနှစ် ရုပ်မြင်သံကြားနှင့် ဗွီဒီယို ဥပဒေပုဒ်မ ၃၂ မှာ မည်သူမဆို အောက်ပါ ပြုလုပ်မှု တစ်ရပ်ရပ်ကို ပြစ်မှုကျူးလွန်ကြောင်း စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀ ထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ် ရမည်။ ထို့အပြင် ပြစ်မှုနှင့်တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဆိုပြီး ပြဋ္ဌာန်းထားပါ

တယ်။ ပုဒ်မခွဲ (က) ဗွီဒီယိုလုပ်ငန်းလိုင်စင် မရှိဘဲ စီးပွားရေး အလို့ငှာ ဗွီဒီယိုလုပ်ငန်းကို လုပ်ကိုင်ခြင်း၊ ပုဒ်မခွဲ (ခ) ဤဥပဒအရ ကင်းလွတ်ခွင့်ပြုသော ကိစ္စရပ်မှအပ ဗွီဒီယိုဆင်ဆာလက်မှတ်အသေး မပါရှိသည့် ဗွီဒီယိုတိတ်ခွေကို ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်း၊ ပုဒ်မခွဲ (ဂ) ဗွီဒီယိုဆင်ဆာအဖွဲ့က ဖြတ်တောက်ရန်၊ ပြုပြင်ရန် သို့မဟုတ် ဖြတ်ရန်ညွှန်ကြားချက်ကို လိုက်နာခြင်း မပြုဘဲ ဗီဒီယိုတိတ်ခွေကို ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်း၊ ပုဒ်မခွဲ (ဃ) ပြည်ပမှတင်သွင်းလာသော သို့မဟုတ် ယူဆောင်လာသော ဗွီဒီယိုတိတ်ခွေကို ဗွီဒီယိုဆင်ဆာ လက်မှတ် မရှိဘဲ အများပြည်သူအား ပြသခြင်း၊ ပုဒ်မခွဲ (င) မိသားစုကြည့်ရှုရန်သာခွင့်ပြုသည့် ပြည်ပမှ တင်သွင်းလာသော သို့မဟုတ် ယူဆောင်လာသော ဗွီဒီယိုတိတ်ခွေကို အများပြည်သူအား ပြသခြင်း၊ ပြည်တွင်းမှရိုက်ကူးတဲ့ ဗွီဒီယိုတိတ်ခွေဟာ မည်သည့် အနုပညာ၊ အကြောင်းအရာ၊ အမျိုးအစားဖြစ်စေ၊ ပြည်ပမှရိုက်ကူးတဲ့ ဗွီဒီယိုတိတ်ခွေသည် မည်သည့် အနုပညာ၊ အကြောင်းအရာ၊ အမျိုးအစားဖြစ်စေ၊ တစ်နည်းအားဖြင့် ညစ်ညမ်းဗွီဒီယို တိတ်ခွေမဟုတ်သည့်တိုင် နိုင်ငံခြားဗွီဒီယိုခွေများဖြစ်တဲ့ တရုတ်၊ ကိုရီးယား၊ အမေရိကန်၊ အင်္ဂလိပ်၊ အိန္ဒိယ အစရှိတဲ့ မည်သည့်နိုင်ငံမှမဆို ရိုက်ကူးထုတ်လုပ်ပြီး မြန်မာနိုင်ငံအတွင်းမှာ ခိုးကူးခွေများဖြင့် ကူးယူဖြန့်ချိ၊ ငှားရမ်းပြသခြင်းကို လုပ်ကိုင်သူမည်သူမဆို ဥပဒေနဲ့ငြိစွန်းနေတာဖြစ်ပါတယ်။ သို့ဖြစ်၍ မြန်မာခိုးကူး ခွေမပါရှိဘဲ ညစ်ညမ်းခွေမပါရှိဘဲ နိုင်ငံခြား၊ တရုတ်၊ ကိုရီးယား၊ ဗွီဒီယိုတိတ်ခွေများကို ခိုးကူးခွေအဖြစ် ရောင်းချနေခြင်းနှင့် စပ်လျဉ်းလို့ အဲဒီလို ရောင်းချသူများကို ပုဒ်မ ၃၂ ပုဒ်မခွဲ (ခ) အရ အရေးယူ ဆောင်ရွက်လျက်ရှိပါတယ်။ သက်ဆိုင် ရာတာဝန်ရှိသူများအနေနဲ့ မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် ဗွီဒီယို ဥပဒေပုဒ်မ ၃၂ ပုဒ်မခွဲ (ခ) အရ အရေးယူခြင်းမှာ မြန်မာခိုးကူးခွေနဲ့ ညစ်ညမ်းခွေများကို ခိုးကူးပြီးရောင်းချနေခြင်းကြောင့် ဖမ်းဆီး အရေးယူခြင်းမဟုတ်သလို မြန်မာခိုးကူးခွေနဲ့ ညစ်ညမ်းခွေများ မဟုတ်သည့်တိုင် နိုင်ငံခြားခိုးကူးခွေ များသည်လည်း ဗွီဒီယိုဆင်ဆာအဖွဲ့မှ ကင်းလွတ်ခွင့်ပြုထားတဲ့ ကိစ္စရပ်များမဟုတ်တဲ့အပြင် နိုင်ငံခြား ဗွီဒီယိုတိတ်ခွေများကို ရုပ်ရှင်အနေဖြင့်မှ တစ်ပါး ယနေ့အထိ ခွင့်ပြုချက်ပေးထားသည့် ကိစ္စရပ်မျိုး မဟုတ်ပါသဖြင့် မည်သည့်နိုင်ငံခြား ဗွီဒီယိုခွေကိုမဆို ရောင်းချမည်ဆိုပါက ပုဒ်မ ၃၂ ပုဒ်မခွဲ (ခ) အရသာ အရေးယူရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာခိုးကူးခွေမပါရှိခြင်း၊ ညစ်ညမ်းခွေမပါရှိခြင်း၊ အဲ့လို ဗွီဒီယိုတိတ်ခွေ အမျိုးအစား နှစ်ခုမပါရှိဘဲ နိုင်ငံခြားခိုးကူးဗွီဒီယို တိတ်ခွေရောင်းချသူများကို ဥပဒေအရ အရေးယူခြင်းနှင့် စပ်လျဉ်း၍ ပြစ်မှုကျူးလွန်မှု အကြိမ်အရေအတွက်၊ သိမ်းဆည်းရမိသည့် ပစ္စည်းအရေအတွက်တို့အပေါ်တွင် ချင့်ချိန်ပြီး ၃ နှစ်ထက်မပိုသည့် ထောင်ဒဏ်တစ်မျိုးမျိုးကိုသော် လည်းကောင်း၊ တစ်သိန်းထက်မပို သည့် ငွေဒဏ်တစ်မျိုးမျိုးကိုသော် လည်းကောင်း၊ ဒဏ်နှစ်ရပ်လုံးကို

သော်လည်းကောင်း စီရင်ပိုင်ခွင့်အရ ချမှတ်နိုင်သည်ဖြစ်လို့ ဒဏ်ငွေ တစ်ခုတည်းသာ ချမှတ်ခြင်း/မချမှတ်ခြင်းသည် သက်ဆိုင်ရာ တရားသူကြီးရဲ့ ဆင်ခြင်တုံတရားဖြင့် စီရင်ဆောင်ရွက်ပိုင်ခွင့်သာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရပ်မြင် သံကြားဗွီဒီယို ဥပဒေပုဒ်မ ၃၂ ပုဒ်မခွဲ (ခ) မှာ ဒဏ်ငွေတစ်ခုသာချမှတ်ရန် ပြစ်ဒဏ်ပြဋ္ဌာန်းထားခြင်း မရှိတဲ့အတွက် ပြဋ္ဌာန်းချက်များနဲ့အညီ ထောင်ဒဏ်တစ်မျိုးမျိုးကိုသော်လည်းကောင်း၊ ငွေဒဏ် တစ်မျိုးမျိုးကို သော်လည်းကောင်း၊ ဒဏ်နှစ်ရပ်လုံးကိုသော်လည်းကောင်း ပြစ်ဒဏ်ချမှတ်ခြင်းသည် ပြစ်မှုကျူးလွန်သူ၏ ပြစ်မှုကျူးလွန်မှုအခြေအနေပေါ်မူတည်ပြီး သက်ဆိုင်ရာတရားရုံး၏ စီရင်ပိုင် ခွင့်သာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ရပ်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများကို နိုင်ငံတော်၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဖရူဆိုမဲဆန္ဒနယ်မှ ဦးအူးရယ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအူးရယ်(ဖရူဆိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စိတ်နှစ်ပါးကျန်းမာရွှင်လန်းပြီး မင်္ဂလာအပေါင်းနဲ့ပြည့်စုံနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဖရူဆိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအူးရယ် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ နိုင်ငံတော်တစ်ဝန်းလုံးမှာ ရှိနေကြတဲ့ ရပ်ကွက်နဲ့ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများကို နိုင်ငံတော်ရဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ ဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးလုပ်ငန်းဆိုတာ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေး ယန္တရားတစ်ခုလုံး အဆင်ပြေချောမွေ့စွာ ပုံမှန်လည်ပတ်နိုင်ရေးအတွက် မရှိမဖြစ်အဓိကလိုအပ်တဲ့ အခြေခံအုပ်ချုပ်ရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်ပါတယ်။ သို့ရာတွင် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများကို မည်သည့်အစိုးရလက်ထက်ကမျှ အလေးထားပြီးတည်ဆောက်ပေးခဲ့ခြင်း မရှိသည်မှာ ယနေ့ချိန်ထိ ဖြစ်နေပါတယ်။ ဖွံ့ဖြိုးတိုးတက်ပြီးတဲ့ မြို့ကြီးပြကြီးများမှာ လုပ်ငန်းရှင်များနဲ့ အလှူရှင်များတို့ရဲ့ ဝိုင်းဝန်းပံ့ပိုးမှုများဖြင့် ခန့်ညားထည်ဝါလှတဲ့ ရပ်ကျေးအုပ်ချုပ်ရေးမှူးရုံးကြီးများ တွေ့မြင်ရနိုင်သော်လည်း ဆင်းရဲနွမ်းပါးပြီးတော့ လူနေမှုစနစ်နိမ့်ကျလျက်ရှိနေသေးတဲ့ နယ်စပ်ဒေသရှိ ကျေးလက်ဒေသများ၌မှာမူ ရပ်ကျေးအုပ်ချုပ်ရေးရုံးများကို ဒေသခံပြည်သူများမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောက်လုပ်နေကြရတာကို နေရာတိုင်းလိုလို တွေ့မြင်နေရပါတယ်။ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောက်လုပ်နေ

ရတဲ့အတွက် ပုံစံမကျခြင်း၊ ခိုင်ခံ့မှုနည်းပါးခြင်း၊ ရုံးဖွဲ့စည်းပုံနဲ့မကိုက်ညီခြင်း အစရှိတဲ့အခက်အခဲများ နဲ့ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ အချို့ဒေသများဆိုရင် ယနေ့ချိန်ထိ ရပ်ကျေးအုပ်ချုပ်ရေးမှူးရုံး လုံးဝ မရှိသေးတာကိုလည်း တွေ့မြင်နေရပါတယ်။ သာဓကအနေနဲ့တင်ပြရသော် ကျွန်တော်တို့ ဖရူဆို မြို့နယ်မှာ ရပ်ကွက် ၅ ခုနဲ့ ကျေးရွာအုပ်စုပေါင်း ၁၄ ခု၊ စုစုပေါင်း ၁၉ ခု ရှိတဲ့အနက် ထစ်ပေါ်ဆို ကျေးရွာအုပ်စုနဲ့ မြို့မကျေးရွာအုပ်စုနှစ်ခုသာ အုပ်ချုပ်ရေးမှူးရုံး ဆောက်လုပ်နိုင်ခဲ့ပါတယ်။ အုပ်ချုပ် ရေးမှူးရုံးမရှိသည့်အတွက် အုပ်ချုပ်ရေးရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင်သော်လည်းကောင်း၊ ရုံး အသုံးအဆောင်ပစ္စည်းများ ထိန်းသိမ်းရာတွင်လည်းကောင်း လိုအပ်၍ အောက်ခြေပြည်သူများအား အစည်းအဝေးခေါ်ယူကျင်းပရာတွင်သော်လည်းကောင်း၊ အုပ်ချုပ်ရေးမှူးများရဲ့ နေအိမ်များ၌သာ အုပ်ချုပ် ရေးရုံးအဖြစ် အသုံးပြုနေရတဲ့အတွက် များစွာအခက်အခဲလည်းရှိကြောင်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများရဲ့ကိုယ်စား အောက်ပါမေးခွန်း များကို မေးမြန်းတင်ပြအပ်ပါတယ်။ မေးခွန်း (၁) ရပ်ကျေးအုပ်ချုပ်ရေးမှူးရုံးများကို နိုင်ငံတော်ရဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်တွင် ဆောက်လုပ်ပေးနိုင်ပါမည် နည်း။ မေးခွန်း (၂) ဆောက်လုပ်ပေးရန်အစီအစဉ်မရှိပါက မည်သည့် အကြောင်းကြောင့် မရှိသည်ကို သိလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အခု ကယားပြည်နယ်၊ ဖရူဆိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအူးရယ်ရဲ့ မေးခွန်းနဲ့ စပ်လျဉ်းလို့ ကျွန်တော်မှ ဆက်လက်ဖြေ ကြားသွားမှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ် အသီးသီးမှာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေး မှူးရုံးများကို နိုင်ငံတော်ရဲ့ခွင့်ပြုရန်ပုံငွေနဲ့ ဆောက်လုပ် လိုပါက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်း အစီအစဉ် ရေးဆွဲပြီး တင်ပြတောင်းခံနိုင်မှာ ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှစပြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးချုပ်နဲ့ ပြည်ထောင်စု နယ်မြေအတွင်းမှာရှိတဲ့ အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနရုံးများရဲ့ ဘဏ္ဍာငွေအရ/အသုံး ကိစ္စရပ်များကို ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေ အစီအစဉ်ဖြင့် လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ လက်အောက်မှာရှိတဲ့ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံးအဆင့်ဆင့်ရဲ့ ဘဏ္ဍာငွေအရ/အသုံးကိစ္စ ရပ်များကို သက်ဆိုင်ရာ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့်လည်းကောင်း၊ ရေးဆွဲ ဆောင်ရွက်လျက်ရှိပါတယ်။ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများ ဆောက်လုပ် နိုင်ရေးအတွက် နိုင်ငံပိုင်အခန်း၊ ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်းအစီအစဉ်ဖြင့် ရေးဆွဲတောင်းခံရာမှာ ဆောက်လုပ်မယ့်ရုံးအတွက် သင့်လျော်တဲ့မြေနေရာ၊ အကျယ်အဝန်းကိုရွေးချယ်ပြီး ဌာနပိုင်အမည် ပေါက်လျောက် ထားရမှာ ဖြစ်ပါတယ်။ ဌာနပိုင်မြေရရှိပြီးပါက အဆောက်အဦဆောက်လုပ်ရန်အတွက် မြို့နယ်မှာရှိတဲ့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာများနဲ့ (က) ဆောက်လုပ်လိုတဲ့ အဆောက်အဦနှင့် ပတ်သက်တဲ့ပုံစံ၊ (ခ) အဆောက်အဦနဲ့ ပတ်သက်တဲ့စံချိန်စံညွှန်း၊ (ဂ) ဆောက်လုပ်လိုတဲ့ အဆောက်အဦ ပမာဏ၊ ခန့်မှန်း ခြေတန်ဖိုးစတဲ့ အချက်အလက်များရရှိအောင် ညှိနှိုင်းရမှာ ဖြစ်ပါတယ်။ အဲ့ဒီအချက်များပြည့်စုံပါက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက နိုင်ငံပိုင်အခန်း ရင်းနှီး မြှုပ်နှံမှု ငွေလုံးငွေရင်း အစီအစဉ် ကို ၅ နှစ် စီမံကိန်းအလိုက် ရည်မှန်းချက်ချမှတ်ပြီး ခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ရေးဆွဲ တင်ပြရမှာ ဖြစ်ပါတယ်။ ရေးဆွဲတင်ပြ လာတဲ့ ၅ နှစ်စီမံကိန်းရည်မှန်း ချက်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များက လွှတ်တော်အစည်းအဝေးသို့ တင်ပြပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရသုံးခန့်မှန်းခြေငွေ စာရင်းဦးစီးဌာနရဲ့ ခွင့်ပြုရန်ပုံငွေ ဖြင့် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နေပြည်တော် ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ်များမှာ ရပ်ကွက် ကျေးရွာ အုပ်စုအရေအတွက် ၁၆၇၂၂ ရှိတဲ့အတွက် ၅ နှစ် စီမံကိန်းရည်မှန်းချက်အတိုင်း နှစ်စဉ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တင်ပြတောင်းခံဆောင်ရွက်နိုင်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အိမ်ရာမြေများ ဝယ်ယူရောင်းချခြင်းအပေါ်တွင် ကောက်ခံနေသော အခွန်နှုန်းထားများနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များကို လေးစားစွာ ဂါရဝပြုနှုတ်ဆက်ပါတယ်ခင်ဗျား။ ကျွန်တော် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်သွင်းမေးမြန်းချင်တဲ့ မေးခွန်းကတော့ အိမ်ခြံမြေများ ရောင်းဝယ်ခြင်းကိစ္စအပေါ်မှာ အခွန်အကောက်ဆိုင်ရာ ဘယ်လိုစီစဉ်ထားသလဲဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒီလိုအလားတူ မေးခွန်းမျိုးကိုပဲ အစ်မကြီး ဒေါ်တင်နွယ်ဦး မေးခဲ့ဖူးပါတယ်။ သူမေးခဲ့တဲ့အချိန်တုန်း

ကတော့ နိုင်ငံတော်က ရသင့်ရထိုက်တဲ့အခွန်တွေကို မဆုံးရှုံးစေဖို့ဆိုတဲ့ပုံစံနဲ့ မေးခဲ့တာဖြစ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်ကလည်း ရသင့်ရထိုက်တဲ့အခွန်ဖြစ်ရမယ်။ နိုင်ငံသားများကလည်း ပေးဆောင်ရန် တာဝန်ရှိတဲ့အခွန်များကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ မှန်မှန်ကန်ကန်ပေးသွင်းနိုင်ဖို့ ရည်ရွယ်ပါတယ်။ အမိန့်ကြော်ငြာစာများနှင့်မဟုတ်ဘဲနဲ့ ဥပဒေ၊ နည်းဥပဒေတွေနဲ့ စည်းရုံးပြီးတော့ နိုင်ငံသားတိုင်းဟာ အခွန်ပေးဆောင်တယ်ဆိုတဲ့ ယဉ်ကျေးမှုတစ်ခုကိုဖြစ်စေလိုတဲ့အတွက် ကျွန်တော် မေးမြန်းရခြင်းဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ ပထမမေးခွန်းကတော့ အခုကောက်ခံနေတဲ့ ၃၇ ရာခိုင်နှုန်းဆိုတဲ့ အိမ်၊ ခြံ၊ မြေရောင်းဝယ်ခြင်းပေါ်မှာ ကောက်ခံနေတဲ့အပေါ် ဝင်ငွေခွန်အနေနဲ့ကောက်ခံတာ ဘယ်လောက်ရာခိုင်နှုန်းပါလဲ။ တံဆိပ်ခေါင်းအခွန်က ဘယ်လောက်ရာခိုင်နှုန်းပါလဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် အပါအဝင် တော်တော်များများကို မသိရပါဘူး။ တံဆိပ်ခေါင်းအခွန်တွေက ရန်ကုန်မှာ ၅ ရာခိုင်နှုန်း၊ မန္တလေးမှာ ၇ ရာခိုင်နှုန်းလို့ပြောပါတယ်။ အဲဒီတော့ ဒါတစ်သမတ်တည်းဖြစ်သင့်တဲ့ ဈေးနှုန်း တွေပဲဖြစ်ပါတယ်။ နောက်တစ်ခါ အရင်တုန်းက အိမ်၊ မြေဈေးတွေမှာ ၅ ရာခိုင်နှုန်း၊ ၇ ရာခိုင်နှုန်း ကောက်ခံတာသည် သိပ်ပြီးမများပေမယ့် အခုခေတ် မကြားဖူးတဲ့ အိမ်၊ မြေဈေးတွေနဲ့ ၅ ရာခိုင်နှုန်း၊ ၇ ရာခိုင်နှုန်းဆိုတာ အင်မတန်များပါတယ်။ ဒါလေးကိုလည်း ညှိနှိုင်းပေးဖို့ တစ်ဆက်တည်း တင်ပြချင် တာဖြစ်ပါတယ်။ နောက်တစ်ခါ ၃၇ ရာခိုင်နှုန်းဆိုတဲ့အပေါ်မှာ ဝင်ငွေရလမ်းဖော်ပြနိုင်သော၊ ဝင်ငွေ ရလမ်းမဖော်ပြနိုင်သော ကျွန်တော်တို့ အရပ်စကားနဲ့ပြောရရင် ငွေဖြူ ငွေမည်းပေါ့ခင်ဗျား။ အဲဒီတော့ ငွေဖြူရှိတဲ့လူကလည်း ၃၇ ရာခိုင်နှုန်းပဲ ဆောင်ရမယ်လို့ ထင်နေကြပါတယ်။ အဲဒီတော့ မရှိတဲ့ လူတွေ ကလည်းပဲ ဒါရှင်းပါတယ်။ ၃၇ ရာခိုင်နှုန်းဆောင်ရမယ်။ တချို့က ဥပမာ ကျွန်တော်ရှိတဲ့ အိမ်၊ ခြံလေး ရောင်းချင်တယ်။ သို့သော် ၃၇ ရာခိုင်နှုန်း ဆောင်ရမယ်ဆိုတော့ တော်တော်ကြောက်တယ်။ အဲဒီတော့ ကျွန်တော်ရချင်တာရဲ့အပေါ်မှာ နောက်ထပ် ၃၇ ရာခိုင်နှုန်း၊ ၄၀ ရာခိုင်နှုန်း၊ ၅၀ ရာခိုင်နှုန်း ထပ်တင် ပြီးတော့ ရောင်းမှသာ ရမယ်။ နောက် ၃၇ ရာခိုင်နှုန်းကလည်း ရောင်းတဲ့သူက ဆောင်ရမှာလား။ ဝယ်တဲ့သူက ဆောင်ရမှာလား။ ရောင်းတဲ့လူကတော့ ဝယ်တဲ့လူဟာ ငွေဖြူရှိတယ်၊ မရှိဘူး ကျွန်တော်တို့ မသိနိုင်ပါဘူး။ မေးလို့လည်း မကောင်းပါဘူး။ အဲဒီတော့ အဲဒါလေးတွေ ရှင်းလင်းပြပါ လို့ကျွန်တော်ပထမမေးခွန်းမှာ တင်ထားတာဖြစ်ပါတယ်။

ဒုတိယမေးခွန်းကတော့ ယခင်ကာလမှာတုန်းက ကာလတို ၁၅ ရာခိုင်နှုန်းပဲဆောင်ပါလို့ အဲဒီတုန်းက တစ်နှစ်၊ တစ်နှစ်၊ တစ်နှစ် သက်တမ်းတိုးပြီးတော့ ဆောင်ခိုင်းတဲ့ကာလမှာတော့ တော်တော်များများဟာ အလုပ်အယက်ဆောင်ကြတာကို ကျွန်တော်တို့ ကြားသိခဲ့ပါတယ်။ ဒါပေမယ့်

အဲဒီကာလမှာလည်းပဲ စောစောက ကျွန်တော်ပြောတဲ့ ငွေဖြူရှိတဲ့လူကလည်း ၁၅ ရာခိုင်နှုန်းပဲဆောင်ရတယ်။ ငွေဖြူမရှိတဲ့ ငွေမည်းသမားကလည်း ၁၅ ရာခိုင်နှုန်းပဲဆောင်ရတယ်။ အဲဒီတော့ ငွေဖြူရအောင်လို့ ကျွန်တော်တို့က တချို့ဆိုရင် ၂၅ ရာခိုင်နှုန်းအထိ အခွန်ပေးဆောင်ပြီးမှ ဒီဝင်ငွေရလမ်းဖော်ပြနိုင်တဲ့ငွေဖြူကို ရတာဖြစ်ပါတယ်။ အဲဒီတော့ သူတို့အတွက်တော့ တရားမျှတမှုမရှိဘူးလို့ ကျွန်တော်တို့ယူဆပါတယ်။ တကယ်လို့ ငွေဖြူရှိတဲ့သူက ဆောင်စရာမလိုဘူးဆိုရင် ဒါကို တံဆိပ်ခေါင်းခွန်ပဲဆောင်ရမယ်ဆိုရင်လည်း ဒါရှင်းရှင်းလင်းလင်းလေးသိချင်ပါတယ်။ ဒါပေမယ့် သွားပြီးဆောင်တဲ့အခါကျတော့လည်း ဝင်ငွေရလမ်းဖော်ပြတဲ့အခါမှာ ဒါတွေရှုပ်ပါတယ်ဗျာ။ တစ်ခါတည်း ၁၅ ရာခိုင်နှုန်းပဲဆောင်လိုက်ပါ။ ဟာမဟုတ်ဘူး။ များပါတယ်။ များရင်လည်း ကြည့်လုပ်လိုက်ပါပေါ့။ ဒီလိုပဲကြည့်လုပ်နေကြတာပါပဲ။ အဲဒီတော့ ၁၅ ရာခိုင်နှုန်းဆိုရင် ငွေဖြူသမားအတွက်က မတရားပေမယ့် ငွေမည်းသမားအတွက်က တန်တဲ့အတွက် သူတို့ တော်တော်လေး ဆောင်ကြတာကို ကျွန်တော်တို့ ကြားရပါတယ်။ အဲဒီတော့ အခုအခါမှာ ၃၇ ရာခိုင်နှုန်းမှာလည်း ငွေဖြူရှိရင်တော့ ဘယ်လောက်ပဲဆောင်သင့်ပါတယ်။ သူတို့ကို သက်သာအောင်တောင်မှ ပေးသင့်ပါတယ်။ ဒါမှသာ တရားဝင် အခွန်ဆောင်ချင်တဲ့စိတ်ဓာတ်လေးတွေဖြစ်လာအောင်၊ ယဉ်ကျေးမှုလေးဖြစ်လာအောင် ကျွန်တော်တို့အနေနဲ့ အားပေးရမှာဖြစ်ပါတယ်။ ၃၇ ရာခိုင်နှုန်းဆောင်ရမယ်။ ဒါငွေမည်းသမားတွေအတွက်ကတော့ နည်းတောင်နည်းသေးတယ်လို့ ကျွန်တော်ပြောရမှာ မကောင်းတော့မကောင်းပါဘူး။ သို့သော် ကျွန်တော်ပြောရ မှာနည်းပါသေးတယ်။ အဲလိုမှမဟုတ်ဘူးဆိုလို့ရှိရင် အခု ကျွန်တော်တို့ ဈေးကွက်အတွင်းမှာရောင်းဝယ်နေကြတဲ့အခါမှာ ဒီလောက်အခွန်ကြီးတွေဆောင်ရမှာစိုးတဲ့အတွက်ကြောင့် အရပ်စာချုပ်နဲ့သော်လည်းကောင်း Special Power, General Power လောက်နဲ့ပဲ လုပ်ဆောင်နေကြတဲ့အခါမှာနိုင်ငံတော်ကလည်း အခွန်မရပါဘူး။ အဲဒီတော့ ဒီငွေမည်းတွေတော်တော်များများနဲ့ ရောင်းဝယ်နေကြတဲ့အတွက်ကြောင့် မြေဈေးတွေ၊ အိမ်ဈေးတွေမတရားတက်လာတာကို ကျွန်တော်တို့တွေ့ရပါတယ်။ ဟိုးအရင်ကာလတုန်းက ၅ သိန်းလောက်ပဲတန်တဲ့ အိမ်၊ ခြံမြေတွေ အခု ခေတ်မှာဆိုလို့ရှိရင် သိန်း ၁၀၀၀၊ ၂၀၀၀ လောက်ဖြစ်နေပါပြီ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကလည်း လာပြီးလေ့လာတဲ့အခါမှာအိမ်ငှားခတွေ၊ တိုက်ခန်းငှားခတွေ၊ ခြံမြေဈေးတွေဟာ မတရားကြီးမြင့်နေတဲ့အတွက် သူတို့နိုင်ငံထက်တောင်ကြီးမြင့်ပါတယ်ဆိုပြီး လန့်ပြီးပြန်သွားတဲ့သူတွေလည်းအများကြီးပါ။ အဲလိုမဖြစ်ရအောင်လို့တကယ်လို့ ဝင်ငွေဖော်ပြနိုင်တဲ့လူ၊ ငွေဖြူရှိတဲ့လူတွေကိုတော့ နိုင်ငံတော်အနေနဲ့ incentive သဘောနဲ့ သက်သက်သာသာနဲ့ လုပ်ကိုင်နိုင်အောင် ခွင့်ပြုသင့်ပါတယ်။ ငွေဖြူမရှိတဲ့လူတွေ ငွေမည်းသမားတွေကိုတော့ ဒါဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပြီးတော့ လုပ်ကိုင်နိုင်မယ်ဆိုရင်

တော့ မတရားဖြစ်ပေါ်နေတဲ့ ဈေးနှုန်းတွေဟာ ငြိမ်သွားမယ်၊ ကျသွားမယ်။ ကျွန်တော်တို့ လုပ်ကိုင်နိုင်မယ်လို့ ယူဆပါတယ်။ ဘာလို့လဲဆိုတော့ နိုင်ငံခြားသားမပြောပါနဲ့ ကျွန်တော်တို့ နိုင်ငံသားတွေတောင်မှ အလုပ်ကလေးလုပ်ချင်တဲ့အခါမှာ ရုံးလေးငှားဖို့၊ ဆိုင်ခန်းလေးတွေငှားဖို့ရာ အတော်ဈေးကြီးမြင့်နေတဲ့အခါတော်တော်လေးကို ဒုက္ခရောက်နေတာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းမေးပါ။ မေးခွန်းမေးပါ။

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ ကျွန်တော်ရဲ့ တတိယမေးခွန်းကတော့ ဥပဒေ၊ နည်းဥပဒေများကို ရေရှည်တည်တံ့နိုင်အောင် ရှင်းလင်းစွာထုတ်ပေးပါဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဦး မေးမြန်းတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အိမ်၊ ခြံ၊ မြေ ရောင်းဝယ်မှုနဲ့စပ်လျဉ်းပြီးတော့ အိမ်၊ ခြံ၊ မြေ စတဲ့အခြေပြခွန်တွေမှာ ရောင်းချမှုများပေါ်မှာ ရောင်းချသူအနေနဲ့ အခြေပြခွန်ကနေပြီးတော့ မြတ်စွန်းငွေအပေါ်မှာ ရောင်းခွန် (ဝင်ငွေခွန်) ပေးဆောင်ရမှာဖြစ်ပြီးတော့ ဝယ်ယူသူအနေနဲ့ ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန် ပေးဆောင်ရမှာ ဖြစ်ပါတယ်။ ရောင်းဝယ်ခွန်ဆိုပြီးတော့ ကောက်ခံခြင်းမရှိတဲ့အတွက် ကိုယ်စားလှယ်တော်ကြီးဆိုလိုတဲ့ ရောင်းဝယ်ခွန်ဆိုတာ ဝယ်ယူသူက ပေးဆောင်ရတဲ့အခွန်ကို ဆိုလိုခြင်းဖြစ်မယ်လို့ ယူဆကြောင်း ပထမဦးစွာ ရှင်းလင်းအပ်ပါတယ်။ အိမ်ရာမြေဝယ်ယူသူများအနေနဲ့ တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများအရ ဝင်ငွေခွန် ၃၀ ရာခိုင်နှုန်းနှင့် တံဆိပ်ခေါင်းခွန်ကို နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးစည်ပင်သာယာရေးနယ်နမိတ်များအတွင်းမှာ ၇ ရာခိုင်နှုန်း ကောက်ခံတဲ့အတွက် စုစုပေါင်း အခွန် ၃၇ ရာခိုင်နှုန်း ကျသင့်မှာဖြစ်ပြီးတော့ ကျန် ပြည်နယ်/တိုင်းဒေသကြီးများမှာ တံဆိပ်ခေါင်းခွန် ၅ ရာခိုင်နှုန်း ကောက်ခံတဲ့အတွက် စုစုပေါင်းအခွန် ၃၅ ရာခိုင်နှုန်းကျသင့်မှာ ဖြစ်ပါတယ်။ အိမ်၊ ခြံ၊ မြေဝယ်ယူသူ

များအနေနဲ့ ဝယ်ယူတဲ့တန်ဖိုးအပေါ်မှာ ဝင်ငွေရလမ်း (အခွန်ဆောင်ပြီးငွေဖြူ) တင်ပြနိုင်လို့ရှိရင် ဝင်ငွေခွန် ကျသင့်မှာမဟုတ်ဘဲနဲ့ တံဆိပ်ခေါင်းခွန်တစ်မျိုးတည်းသာ ကျသင့်မှာ ဖြစ်ပါတယ်။ ဝင်ငွေရလမ်း တချို့တစ်ဝက် တင်ပြနိုင်ပါက မတင်ပြနိုင်တဲ့ ဝင်ငွေပေါ်မှာသာ ဝင်ငွေခွန် ၃၀ ရာခိုင်နှုန်း ကျသင့်မှာဖြစ်ပါတယ်။ တံဆိပ်ခေါင်းခွန်ကိုတော့ ဝယ်ယူတဲ့တန်ဖိုးအပေါ်မှာ အပြည့်အဝပေးဆောင်ရမှာဖြစ်ပါတယ်။ အိမ်၊ ခြံ၊ မြေ တည်ဆောက်ပြုပြင်၊ မွမ်းမံသူများအနေနဲ့ အိမ်၊ ခြံ၊ မြေဝယ်ယူသူများကဲ့သို့ပဲ ဝင်ငွေခွန်ကျသင့်မှာဖြစ်ပြီးတော့ တံဆိပ်ခေါင်းခွန်ကျသင့်မှုတော့ မရှိပါဘူး။ အိမ်၊ ခြံ၊ မြေရောင်းချသူအနေနဲ့ ဝင်ငွေခွန်ဥပဒေအရ အခြေပြုပစ္စည်းမှ မြတ်စွန်းငွေအပေါ်မှာ အခွန်ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ အကြမ်းအားဖြင့် ရောင်းရငွေနှင့် ဝယ်ယူခဲ့စဉ်က တန်ဖိုးတို့ ခြားနားချက်အရ ပေါ်ပေါက်လာတဲ့ မြတ်စွန်းငွေအပေါ်မှာ ၁၀ ရာခိုင်နှုန်း ဝင်ငွေခွန်ထမ်းဆောင်ရမှာဖြစ်ပြီးတော့ တံဆိပ်ခေါင်းခွန်ကျသင့်ခြင်းမရှိပါကြောင်းရှင်းလင်းတင်ပြအပ်ပါတယ်။

နိုင်ငံတကာအခွန်စနစ်များမှာ နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေအရ ဝင်ငွေရလမ်း အတိအကျဖော်ပြနိုင်တဲ့ အခွန်ဆောင်ပြီး ငွေဖြူများဖြင့်သာ အိမ်၊ ခြံ၊ မြေများဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်ရတဲ့အတွက် ဝင်ငွေခွန်ပေးဆောင်ရန်မလိုဘဲနဲ့တံဆိပ်ခေါင်းခွန်ကိုသာ ထမ်းဆောင်ရတာ ဖြစ်ပါတယ်။ အိမ်၊ ခြံ၊ မြေစီမံချက်နှင့် အခွန်နှုန်းထားလျှော့ချပြီးတော့မှ ၁၅ ရာခိုင်နှုန်းနှင့် ကောက်ခံခဲ့စဉ်ကာလမှာ နှစ်အလိုက် အခွန်ကောက်ခံရရှိမှုတွေကတော့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်မှာ ကျပ် ၁၄.၇၃ ဘီလီယံ၊ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်မှာ ကျပ် ၃၂.၁၉ ဘီလီယံ၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်မှာ ကျပ် ၄၀.၈၄ ဘီလီယံ၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှာ ကျပ် ၆၃.၃၉ ဘီလီယံ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာ ကျပ် ၇၆.၃၈ ဘီလီယံ ဖြစ်ပါတယ်။ အိမ်၊ ခြံ၊ မြေစီမံချက်မှ ၁၅ ရာခိုင်နှုန်းသက်သာတဲ့နှုန်းထားနဲ့ အခွန်ကောက်ခံမှုဟာ ၁၁-၈-၂၀၁၂ ရက်နေ့မှာ ရပ်ဆိုင်းခဲ့တဲ့အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် စီမံချက်ကာလအတွင်းမှာ ဝင်ငွေခွန်၊ အမြတ်ခွန် အနေနဲ့ ကျပ် ၅၈.၉၈ ဘီလီယံ ရရှိခဲ့ပြီးတော့ စီမံချက်ကာလနောက်ပိုင်း ဝင်ငွေခွန်၊ အမြတ်ခွန် အနေနဲ့ ၈.၁၅ ဘီလီယံ ကောက်ခံရရှိပြီး ဘဏ္ဍာနှစ်တစ်နှစ်လုံး စုစုပေါင်း ဝင်ငွေခွန်၊ အမြတ်ခွန် ကျပ် ၆၇.၁၃ ဘီလီယံနှင့် တံဆိပ်ခေါင်းခွန် ၄၁.၉၀ ဘီလီယံ ကောက်ခံရရှိတဲ့အတွက် စုစုပေါင်း ကျပ် ၁၀၉.၀၃ ဘီလီယံ ကောက်ခံရရှိခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမသုံးလပတ်မှာ အိမ်၊ ခြံ၊ မြေ ဝယ်ယူတည်ဆောက်မှုအပေါ်မှ ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်စုစုပေါင်း ၁၀.၆၇ ဘီလီယံ ကောက်ခံရရှိပြီးဖြစ်ပါတယ်။ အထက်မှာ ရှင်းလင်းပြောကြားခဲ့တဲ့အတိုင်း ဝင်ငွေရလမ်းဖော်ပြနိုင်သူများအနေနဲ့ ဝင်ငွေခွန်ပေးဆောင်ရန် မလိုအပ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်တော်ကြီး အကြံပြုထားတဲ့ ရောင်းဝယ်

ခွန် ၃ ရာခိုင်နှုန်းဆိုတာလည်း ထပ်မံကောက်ခံရန် လိုအပ်မှာမဟုတ်တော့ပါဘူး။ ဒါ့အပြင် ငွေဖြူလုံလောက်အောင်မပြနိုင်သူများအတွက်လည်း အခွန်နှုန်း ၃၃ ရာခိုင်နှုန်း ကောက်ခံရန်ဆိုတဲ့အချက်ဟာ အခွန်ထမ်းပြည်သူများအတွက်လည်းကောင်း၊ အခွန်ဆိုင်ရာဥပဒေများအရလည်းကောင်း ကျွန်တော်တို့ အနေနဲ့ ချိန်ဆဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပါတယ်။ လက်ရှိနှုန်းထားတွေကို လျှော့ချရေးနှင့်ပတ်သက်ပြီးတော့ အခွန်နှုန်းထားလျှော့ချလိုက်လို့ရှိရင် ငွေကြေးခဝါချမှုတွေ၊ အိမ်၊ ခြံ၊ မြေဈေးကစားမှုတွေ ဖြစ်ပေါ်လာနိုင်တဲ့အတွက် ဘက်ပေါင်းစုံမှစဉ်းစားဆောင်ရွက်ရမှာပဲဖြစ်ပါတယ်။ အိမ်၊ ခြံ၊ မြေဝယ်ယူရောင်းချခြင်းအပေါ်မှာ ကောက်ခံတဲ့ အခွန်နှုန်းထားများဟာ ၂၀၁၂ ခုနှစ်အတွင်း ခေတ်ကာလနှင့် လျော်ညီစေရန် ပြောင်းလဲတဲ့နှုန်းထားများဖြစ်ပြီးတော့ လက်ရှိအချိန်မှာ ပြင်ဆင်ရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် အိမ်၊ ခြံ၊ မြေကဏ္ဍမှ အခွန်စည်းကြပ်ကောက်ခံရာမှာ နယ်မြေ အလိုက်မျှတတဲ့ စံနှုန်းသတ်မှတ်ဆောင်ရွက်နိုင်ရေးအတွက်ကို ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါ တယ်ခင်ဗျား။ (သြဘာသံများ)

**စီးပွားရေးကုမ္ပဏီများမှ ဆုမဲများကို ကြော်ငြာထားသည့်အတိုင်း ထည့်သွင်းပေးထားခြင်းရှိ/မရှိနှင့် ၎င်းဆုမဲများပေးခြင်းအပေါ် နိုင်ငံတော်အခွန်စည်းကြပ်ရေးကဏ္ဍတွင် ထည့်သွင်းတွက်ချက်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလှကျော်(လင်းခေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌနှင့် လူကြီးမင်းအားလုံးကို လေးစားစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်ကတော့ လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ သတ်မှတ်ထားတဲ့အတိုင်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။ စီးပွားရေးကုမ္ပဏီများမှ စားသုံးသူများကို ကံစမ်းမဲများ၊ ဆုမဲများဖြင့် စွဲဆောင်၍ မိမိတို့ကုန်ပစ္စည်းများကို တွင်ကျယ်စွာရောင်းချနိုင်ရေးအတွက် အပြိုင်အဆိုင် ကြော်ငြာ စည်းရုံးရောင်းချနေကြပါတယ်။ ယင်းကံစမ်းမဲဆုမဲများကို ကြေညာထားတဲ့အတိုင်း အမှန် တကယ် ထည့်သွင်းပေးထားခြင်း ရှိ/မရှိ သက်ဆိုင်ရာမှ တရားဝင်ကြီးကြပ်ရေးအဖွဲ့ ထားရှိပါသလားဆိုတဲ့ မေးခွန်းနဲ့ ကြော်ငြာထားတဲ့အတိုင်း ကြော်ငြာတဲ့တန်ဖိုးအတိုင်း အမှန်တကယ်ထည့်သွင်းပေးပါက လည်း ထိုသို့ပြုလုပ်ခြင်းသည် လုပ်ငန်းအကျိုးအမြတ်များမှ ခွဲဝေပေးသည်ဟု ယူဆရမှာဖြစ်တဲ့ အတွက် ယင်းဆုမဲများပေးခြင်းအပေါ် နိုင်ငံတော်အခွန်စည်းကြပ်ရေးကဏ္ဍမှာ မည်ကဲ့သို့ ထည့်သွင်း တွက်ချက်ထားပါသလဲ ဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ လင်းခေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှကျော်ရဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ပထမမေးခွန်းဖြစ်တဲ့ စီးပွားရေးကုမ္ပဏီများမှ စားသုံးသူများကို ကံစမ်းမဲများ အပြိုင်အဆိုင် ကြော်ငြာစည်းရုံးရောင်းချခြင်းမှ ဆုမဲများကို ကြော်ငြာထားသည့်အတိုင်း အမှန်တကယ် ထည့်သွင်းပေးထားခြင်းရှိ/မရှိ သက်ဆိုင်ရာမှ တရားဝင်ကြီးကြပ်ရေးအဖွဲ့ထားရှိပါ သလားဆိုသည့် မေးခွန်းနှင့် ပတ်သက်၍ စားသုံးသူများအား ကံစမ်းမဲများထည့်၍ အပြိုင်အဆိုင် ရောင်းချခြင်းဟာ သက်ဆိုင်ရာကုမ္ပဏီရဲ့ အရောင်းမြှင့်တင်ရေးအတွက် ၎င်းတို့အနေနဲ့ ကြော်ငြာ ထည့်သွင်းပေးခြင်းဖြစ်ပြီး ဆုမဲများအား ကြော်ငြာထားသည့်အတိုင်း ထည့်သွင်းပေးခြင်းရှိ/မရှိ စိစစ် ကြီးကြပ်ရန်အတွက် လက်ရှိတည်ဆဲဥပဒေများအရ မိမိတို့ဝန်ကြီးဌာနအနေနဲ့ ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ခွင့်မရှိပါကြောင်း ပထမဦးစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်။ ဒုတိယမေးခွန်းဖြစ်တဲ့ ကြော်ငြာထားတဲ့တန်ဖိုးအတိုင်း အမှန်တကယ် ထည့်သွင်းပေးပါက ၎င်းဟာ လုပ်ငန်းအကျိုးအမြတ်မှ ခွဲဝေပေးတယ်လို့ ယူဆရမှာဖြစ်တဲ့အတွက် ဒီဆုမဲပေးခြင်းအပေါ် နိုင်ငံတော် အခွန်စည်းကြပ်ရေးကဏ္ဍမှာ ထည့်သွင်းတွက်ချက်ပါသလားဆိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ဆုမဲအတွက် ကုန်ကျငွေများဟာ စီးပွားရေးလုပ်ငန်းတစ်ခုရဲ့ ကုန်ကျစရိတ်များဖြစ်ပြီးတော့မှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁(ခ)မှာ စီပွားရေးလုပ်ငန်းမှ ဝင်ငွေကိုတွက်ချက်ရာမှာ ဝင်ငွေရရှိရန် ကုန်ကျစရိတ်များနှင့် ပစ္စည်းတန်ဖိုး လျော့များကိုနုတ်ပေးရန်နှင့် ဒီစရိတ်များမှာ မတည်စရိတ်၊ ကိုယ်ရေကိုယ်တာစရိတ် လုပ်ငန်းပမာဏ နှင့် မမျှအောင်များသည့် စရိတ်များကို နုတ်မပေးရဆိုပြီးတော့ ပြဋ္ဌာန်းထားတာရှိပါတယ်။ သို့ပါ၍ ဆုမဲများအတွက် ကုန်ကျစရိတ်ဟာ လုပ်ငန်းပမာဏနှင့် မျှတမှုရှိပါက အခွန်စည်းကြပ်ရန်မှာ ထည့်သွင်း တွက်ချက်မည်ဖြစ်ပြီးတော့မှ လုပ်ငန်းပမာဏနှင့် မျှတမှုမရှိလို့ရှိရင် တင်ပြတောင်းခံတဲ့အတိုင်း ထည့်သွင်းတွက်ချက်ပေးမည် မဟုတ်ပါကြောင်းရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မြို့နယ်နှင့် ခရိုင်ဘဏ်ခွဲများတွင်တာဝန်ယူထားရသော ငွေကြေးနဲ့ထိုက်တန်သောရာထူးအဆင့်သို့ တိုးမြှင့်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပလက်ဝမဲဆန္ဒနယ်မှ ဦးပိုက်လင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးပိုက်လင်း(ပလက်ဝမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ပလက်ဝမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးပိုက်လင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်မှာ အဓိကဆောင်ရွက်ရတဲ့ မြန်မာ့စီးပွားရေးဘဏ် မြို့နယ်ဘဏ်ခွဲများတွင် လွန်ခဲ့တဲ့ အနှစ် ၃၀ ခန့်က ငွေသေတ္တာလက်ကျန်အမြဲတမ်းကန့်သတ်ချက် ၁၀ သန်းကနေ ၁၅ သန်းအထိကို ငွေကြေးတာဝန်ခံ၊ ငွေကြေးဝန်ထမ်းများအား ငွေကိုင်(၃) ရာထူးအဆင့် နောက်ပြီးတော့ ကျပ် ၁၅၀ သန်းကနေ သန်း ၂၀၀ အထိကိုငွေကြေးတာဝန်ခံဝန်ထမ်းငွေကိုင်(၁) နှင့် ငွေကိုင်(၂) ရာထူးအဆင့်များဖြင့် ခန့်ထား ဆောင်ရွက်တာကိုသိရပါတယ်။ ယခုအခါ မြို့နယ်ဘဏ်ခွဲများရဲ့ငွေကြေးသေတ္တာလက်ကျန် အမြဲတမ်း ကန့်သတ်ချက်ဟာ သန်း ၁၀၀၀ ကနေ ၁၅၀၀ အထိတိုးမြှင့်ထားရှိသော်လည်း ငွေကြေးတာဝန်ခံ၊ ငွေကြေးဝန်ထမ်းများအား ငွေကိုင်(၃) ရာထူးအဆင့်ဖြင့်သာခန့်ထားပြီးတော့ ခရိုင်ဘဏ်ခွဲများရဲ့ ငွေကြေးသေတ္တာလက်ကျန်အမြဲတမ်းကန့်သတ်ချက် ကျပ်သန်း ၁၅၀၀၀ ကနေ ၂၀၀၀၀ အထိ တိုးမြှင့်ထားပေမယ့် ငွေကြေးတာဝန်ခံ၊ ငွေကြေးဝန်ထမ်းများကိုတော့ဖြင့် ငွေကိုင်(၂)၊ ငွေကိုင်(၁) ရာထူးအဆင့်ဖြင့်သာ ခန့်ထားဆဲဖြစ်တာကိုသိရပါတယ်။ သို့ပါ၍ မြို့နယ်ဘဏ်ခွဲများ၏ ငွေကြေးတာဝန်ခံ၊ ငွေကြေးဝန်ထမ်း များအား ငွေကိုင်(၂) သို့မဟုတ် ငွေကိုင်(၁) ရာထူးအဆင့်သို့လည်းကောင်း၊ ခရိုင်ဘဏ်ခွဲများ၏ ငွေကြေးတာဝန်ခံ၊ ငွေကြေးဝန်ထမ်းများအား လက်ထောက်မန်နေဂျာ(ငွေကြေး)ရာထူးအဆင့်သို့ လည်းကောင်း တိုးမြှင့်ခန့်ထားပေးပါမှ သင့်လျော်မည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ငွေကြေးတာဝန်ခံ၊ ငွေကြေးဝန်ထမ်းများ တာဝန်ယူရသည့်ငွေကြေးနဲ့ထိုက်တန်သော ရာထူးအဆင့်များတိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိသိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကို မေးမြန်းပါတယ်။ လေးစားပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာ လင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့

ချင်းပြည်နယ်၊ ပလက်ဝမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်လင်းရဲ့မေးခွန်းနှင့် ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့စီးပွားရေးဘဏ်ဟာ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ဘဏ်ခွဲတွေဖွင့်လှစ် ဆောင်ရွက်လျက်ရှိရာမှာ စီမံအုပ်ချုပ်ရေးအတွက် ရုံးချုပ်/ဌာနကြီး ၆ ခု၊ တိုင်းဒေသကြီး/ပြည်နယ်ရုံး ၁၄ ခုတို့အပြင် ခရိုင်အဆင့်ဘဏ်ခွဲ ၇၅ ခု၊ မြို့နယ်အဆင့်ဘဏ်ခွဲ ၂၀၉ ခုနှင့် ဘဏ်ငွေတိုက်ခွဲအဆင့် ၁၆ ခုနဲ့ ငွေစုဘဏ်ရုံးခွဲ ၁၀ ခု၊ စုစုပေါင်းဘဏ်ခွဲ ၃၁၀ ခု ဖွင့်လှစ် ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။

မြန်မာ့စီးပွားရေးဘဏ်ရဲ့ ဖွဲ့စည်းပုံအရ မြို့နယ်ဘဏ်ခွဲများမှာရှိတဲ့ ငွေကြေးတာဝန်ကို ကြီးကြပ် ရေးမှူး၊ ငွေကြေးဝန်ထမ်းငွေကိုင်(၃) တို့နဲ့ဖွဲ့စည်းထားပြီး ခရိုင်ဘဏ်ခွဲများမှာရှိတဲ့ ငွေကြေးတာဝန်ခံ ကို လက်ထောက်မန်နေဂျာ(ငွေကြေး)၊ ငွေကိုင်(၁)၊ ငွေကိုင်(၂) တို့နဲ့ ဖွဲ့စည်းခန့်အပ်ဆောင်ရွက်လျက် ရှိပါတယ်။ မြို့နယ်ဘဏ်ခွဲများအနက် ငွေကြေးထိန်းသိမ်းလည်ပတ်တဲ့ ပမာဏများတဲ့ ဘဏ်ခွဲများ ဖြစ်တဲ့ ကျောက်ပန်းတောင်း၊ ပျဉ်းမနား၊ တွံတေး၊ လှည်းကူး၊ လပွတ္တာ၊ ကောလင်းနှင့် အောင်လံတို့မှာ ငွေကိုင်(၂) ရာထူးအဆင့်ကို တာဝန်ပေးအပ်ထားပါတယ်။ အလားတူ ခရိုင်ဘဏ်ခွဲ/ဘဏ်ခွဲကြီး ၇၅ ခု ရှိတဲ့အနက် ငွေကြေးထိန်းသိမ်းလည်ပတ်တဲ့ လုပ်ငန်းပမာဏများတဲ့ဘဏ်ခွဲ ၃၈ ခုရှိငွေကြေးခန်းများ မှာ ငွေကိုင်(၁)ရာထူးအဆင့်ကို တာဝန်ပေးအပ်ပြီးတော့ နေပြည်တော်ဘဏ်နှင့် ဘဏ်ခွဲ(၂)ရန်ကုန် တို့မှာ ငွေကြေးခန်းများမှာ လက်ထောက်မန်နေဂျာ (ငွေကြေး)ရာထူးအဆင့်ကို တာဝန်ပေးအပ် ဆောင်ရွက်လျက်ရှိပါတယ်။ ငွေကြေးထိန်းသိမ်းလည်ပတ်တဲ့ ပမာဏများပြားမှုမရှိတဲ့ မြို့နယ်နှင့် ခရိုင် ဘဏ်ခွဲများမှာ ဖွဲ့စည်းပုံသတ်မှတ်ခွင့်ပြုချက်နှင့်အညီ စီစဉ်ဆောင်ရွက်နေခြင်းလည်းဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ မိမိဘဏ်ခွဲများရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေကို အမြဲကြည့်ရှုလေ့လာ သုံးသပ်လျက်ရှိပြီးတော့မှ ပမာဏများပြားလာပြီးတော့ အမှန်တကယ်လိုအပ်လာပါက မြို့နယ်ဘဏ်ခွဲ များမှာ ငွေကိုင်(၂)ရာထူးထားရှိရေးနှင့် ခရိုင်ဘဏ်ခွဲများမှာ ငွေကိုင်(၁)ရာထူးထားရှိရေး သုံးသပ်စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မုဒုံမြို့ပေါ်တွင် မြန်မာ့စီးပွားရေးဘဏ်အဆောက်အဦဆောက်လုပ်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ မုဒုံမဲဆန္ဒနယ်မှ ဦးမြသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြသိန်း(မုဒုံမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများ၊ တက်ရောက်လာသော ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံကြပါစေလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ မုဒုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြသိန်းဖြစ်ပါတယ်။ ကျွန်တော်တို့ မုဒုံမြို့မြို့ပေါ်မှာ စီးပွားရေးဘဏ်အဆောက်အဦ သီးသန့်မရှိသေးဘဲ ယခုအခါတွင် ပုဂ္ဂလိကပိုင်တိုက်တန်းလျားဘေးစွန်းတွင် အခန်းတစ်ခန်းရရှိပြီး မြန်မာ့စီးပွားရေးဘဏ်ဖွင့်လှစ်ထားပါတယ်။ ၎င်းစီးပွားရေးဘဏ်ဘေးနားတွင် စတိုးဆိုင်တစ်ဆိုင်နဲ့ ကပ်လျက်ရှိပါတယ်။ သို့ဖြစ်၍ လုံခြုံမှုမရှိသဖြင့် မြန်မာ့စီးပွားရေးဘဏ်တွင် ငွေတိုက်ဖွင့်လှစ်ခြင်း မရှိနိုင်၍ ငွေများကိုမုဒုံမြို့ မြို့မရဲစခန်းရှိငွေတိုက်တွင် သိမ်းဆည်းနေရပါသဖြင့် ကျွန်တော်မေး လိုတဲ့မေးခွန်းကတော့ မြန်မာ့စီးပွားရေးဘဏ်အဆောက်အဦကို ဆောက်လုပ်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ။ အကယ်၍ ဆောက်လုပ်ခွင့်ပြုပါက မည်သည့်နှစ်တွင် ဆောက်လုပ်ပေးနိုင်မည်ကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့်မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဖြေကြားချက်**

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ မုဒုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြသိန်းရဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့စီးပွားရေးဘဏ်ဟာ စောစောကတင်ပြတဲ့အတိုင်းပဲ ရုံးချုပ်/ဌာနတွေ၊ တိုင်းဒေသကြီး/ပြည်နယ် ရုံးတွေ၊ ခရိုင်ဘဏ်တွေ၊ မြို့နယ်ဘဏ်တွေ၊ ဘဏ်ငွေတိုက်တွေ၊ စုစုပေါင်းဘဏ်ခွဲ ၃၁၀ ခုဖွင့်လှစ် ထားရှိပါတယ်။ ဒီဘဏ်ခွဲပေါင်း ၃၁၀ ရှိတဲ့အနက် ရန်ကုန်မြို့နှင့် မန္တလေးမြို့ပေါ်ရှိတဲ့ ဘဏ်ခွဲကြီးများ၊ လုံခြုံရေးကောင်းမွန်တဲ့ ခရိုင်ဘဏ်ခွဲအချို့မှာ ဘဏ်ခွဲဆောက်လုပ်စဉ်အခါကပင် ဘဏ်အတွင်းမှာ ငွေတိုက်ကိုပါထည့်သွင်းဆောက်လုပ်ခဲ့တဲ့အတွက် ငွေကြေးများကို ဒီငွေတိုက်ခန်းတွေမှာ ထိန်းသိမ်း ထားနိုင်ပြီးတော့ ကျန်ခရိုင်ဘဏ်ခွဲများ၊ မြို့နယ်ဘဏ်ခွဲများနှင့် ဘဏ်ငွေတိုက်ခွဲများအားလုံးမှာ ဘဏ်ရဲ့ငွေကြေးလက်ကျန်အားလုံးကို ပြည်သူ့ရဲတပ်ဖွဲ့စခန်း သို့မဟုတ် နီးစပ်ရာတပ်ရင်း/တပ်ဖွဲ့ အတွင်း သီးခြားဆောက်လုပ်ထားတဲ့ ငွေသိုလှောင်ခန်းများမှာ ထားသိုထိန်းသိမ်းထားခြင်းဖြစ်ပါတယ်။

မုဒုံမြို့နယ်ဘဏ်ခွဲကို ပုဂ္ဂလိကပိုင်တိုက်တန်းမှာ ငှားရမ်းဖွင့်လှစ်ခြင်းဖြစ်ပြီးတော့ ဘဏ်ရဲ့ ငွေကြေးများကို လုံခြုံရေးအခြေအနေအရ အခြားမြို့နယ်ဘဏ်ခွဲများနည်းတူ ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှာ ထားရှိခြင်းပဲဖြစ်ပါတယ်။ မုဒုံဘဏ်ခွဲကို လုံခြုံရေးအရလည်းကောင်း၊ ရုပ်ဆင်းအင်္ဂါအရလည်းကောင်း၊ ဘဏ်ဝန်ထမ်းများ၊ ဘဏ်နှင့်ဆက်သွယ်သူများအတွက်လည်းကောင်း၊ လက်ရှိအဆောက်အဦမှာ ဝန်ဆောင်မှုအကောင်းဆုံး ဆောင်ရွက်ပေးနိုင်တဲ့အခြေအနေမရှိတဲ့အတွက် ဘဏ်အဆောက်အဦသစ် ဆောက်လုပ်ရန်ဖြစ်သော်လည်း မြေနေရာမရရှိသေးတဲ့အတွက် ယခုလက်ရှိနေရာမှာ ဖွင့်လှစ်ထားခြင်း ဖြစ်ပါတယ်။

ယခုအခါမှာ ဘဏ်အဆောက်အဦဆောက်လုပ်ရန်အတွက် မုဒုံမြို့၊ မြို့မ ၁ ရပ်ကွက်၊ ကွင်းအမှတ်(၈၈၄/၁)၊ ဦးပိုင်အမှတ်(၁၈၀-ခ)၊ မြေဧရိယာ ၀.၀၉ ဧကအားရရှိထားပြီးဖြစ်ပါတယ်၊ ဘဏ်ခွဲ အဆောက်အဦဆောက်လုပ်ရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရန်ပုံငွေရရှိထားပြီးဖြစ်တဲ့ အတွက် မုဒုံဘဏ်ခွဲအဆောက်အဦသစ်ကို မကြာမီဆောက်လုပ်ပေးသွားဖြစ်ပါကြောင်းနှင့် ဘဏ်ရဲ့ ငွေကြေးများကိုတော့ ငွေသိုလှောင်ခန်းလုံခြုံမှုရှိစေရန်အတွက် မုဒုံမြို့၊ မြို့မရဲစခန်းအတွင်းမှာရှိတဲ့ ငွေသိုလှောင်ခန်းမှာသာ ဆက်လက်ထိန်းသိမ်းထားရှိသွားမှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

## စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီက မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ (က)အရ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုး တိုးတက်မှုကော်မတီက မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီအား အစီရင်ခံစာတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးအေးမောက်(အတွင်းရေးမှူး၊ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မလှိုင် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ အတွင်းရေးမှူး ဦးအေးမောက် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ မြန်မာနိုင်ငံအင်ဂျင်နီယာ ကောင်စီဥပဒေကြမ်းကို တင်သွင်းသွားမှာဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်ပတ်သက်လို့ လေ့လာနိုင်ရန်

လည်း ကျွန်တော်တို့ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကြမ်းကို အကျဉ်းချုပ်ထုတ်နုတ် တင်ပြသွားမှာဖြစ်ပါတယ်။ ဒီဥပဒေကြမ်း တင်သွင်းရခြင်း၏ အကြောင်းကတော့ ကျွန်တော်တို့ ၁၉၈၄ ခုနှစ်နောက်ပိုင်းမှာ ဆေးပညာ၊ စာရင်းအင်း၊ ဥပဒေ၊ သွားဘက်ဆိုင်ရာ စသည်စသည်များမှာ ပညာရပ်ကျင့်ဝတ်သိက္ခာနှင့်လည်းကောင်း၊ နိုင်ငံတကာ အဆင့်အတန်းကိုလက်လှမ်းမီဆောင်ရွက်နိုင်ရန်လည်းကောင်း၊ ဆေးကောင်စီ၊ စာရင်းကောင်စီ၊ ရှေ့နေကောင်စီစသည်ဖြင့် ဖွဲ့စည်းပေးပြီး စောင့်ကြည့်ထိန်းသိမ်းကူညီပံ့ပိုးဆောင်ရွက်ခဲ့ပါတယ်။ သို့သော်လည်းပဲ ဒီအချိန်အခါထိ ကျွန်တော်တို့မြန်မာနိုင်ငံအင်ဂျင်နီယာများမှာ အင်ဂျင်နီယာနဲ့ပတ်သက်တဲ့ ကောင်စီဖွဲ့စည်းနိုင်ခြင်းမရှိတဲ့အတွက် တင်သွင်းရခြင်းလည်းဖြစ်ပါတယ်။ အာဆီယံနိုင်ငံများ၊ နိုင်ငံတကာများမှာလည်းပဲ ဒီကောင်စီဘုတ်အဖွဲ့များထားရှိပြီးတော့ အင်ဂျင်နီယာကောင်စီများလည်းဖွဲ့စည်းထားပါတယ်။ ဒီလိုဖွဲ့စည်းပြီးတော့ ကျွန်တော်တို့ဖွဲ့စည်းနိုင်မယ်ဆိုလို့ရှိရင် နိုင်ငံတကာအင်ဂျင်နီယာကိစ္စအားလုံးကို တစ်ပြေးညီဆောင်ရွက်ရန် တိုးတက်နေတဲ့အင်ဂျင်နီယာအသိပညာများကိုရယူရန် မြန်မာနိုင်ငံအင်ဂျင်နီယာအားလုံး နိုင်ငံတကာနည်းတူ ကျွန်တော်တို့မှတ်ပုံတင်အင်ဂျင်နီယာအသိအမှတ်ပြုလက်မှတ်များ ရရှိအောင်ဆောင်ရွက်နိုင်ရန်နဲ့ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခွင့်ရရန်နှင့် တင်ပြရခြင်းပဲဖြစ်ပါတယ်။ အာဆီယံနိုင်ငံများအားလုံးမှာ ဒီကောင်စီဥပဒေရှိရပါတယ်။ နှစ်ပေါင်းများစွာလည်းကြာခဲ့ပြီဖြစ်သလို နိုင်ငံတကာများမှာလည်းပဲဒီကောင်စီ ဥပဒေဟာရှိပါတယ်။

ယခုလည်းပဲ ကျွန်တော်တို့ရေးဆွဲတင်ပြတဲ့ဥပဒေဟာ နိုင်ငံတကာဥပဒေများကို မိမိတို့ရဲ့နိုင်ငံနဲ့လိုက်လျောညီထွေဖြစ်အောင် ကျွန်တော်တို့ မှီငြမ်းပြုပြီးတော့ ရေးဆွဲထားတာဖြစ်ကြောင်းလည်း တင်ပြလိုပါတယ်။ ကျွန်တော်တို့ဥပဒေမှာ အခန်းပေါင်း ၁၄ ခန်းပါရှိပါတယ်။ ကောင်စီ ဥပဒေကြမ်းမှာ အခန်း (၁) ကတော့ အသုံးအနှုန်းစကားရပ်များနှင့်ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြချက်ဖြစ်ပြီးတော့ အပိုဒ် ၂ အခန်း (၂၁) မှာလည်းပဲ အသုံးအနှုန်းများကိုလည်း ရှင်းလင်းတင်ပြထားပါတယ်။ ဥပမာ အင်ဂျင်နီယာပညာ၊ နည်းပညာ၊ မှတ်ပုံတင်အင်ဂျင်နီယာပညာ စသည်ဖြင့်ရှင်းလင်း တင်ပြထားတာဖြစ်ပါတယ်။ ဒီဥပဒေရဲ့ အဓိကရည်ရွယ်ချက်ကတော့ ကျွန်တော်တို့အင်ဂျင်နီယာများ အမှန်တကယ်ကျွမ်းကျင်မှုရှိပြီးတော့ မိမိတို့နိုင်ငံအတွင်းမှာ ယုံကြည်မှုအပြည့်အဝနှင့် လုပ်ငန်းများကိုဆောင်ရွက်နိုင်ရန်နဲ့ နိုင်ငံတကာအင်ဂျင်နီယာလုပ်ငန်းများလုပ်ကိုင်ရာမှာ မိမိတို့အဆင့်အတန်းနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် ပထမရည်ရွယ်ပါတယ်။ ဒုတိယအချက်ကတော့ အင်ဂျင်နီယာဆိုင်ရာပညာရပ်များကို မိမိတို့နိုင်ငံနှင့်လည်းကောင်း၊ အာဆီယံနိုင်ငံများနှင့်လည်းကောင်း၊ အခြားတိုးတက်ပြီး

နိုင်ငံများနှင့်လည်းကောင်း၊ အင်ဂျင်နီယာပညာရပ်များစဉ်ဆက်မပြတ် ဆည်းပူးလေ့လာအတွေ့အကြုံများ ရရှိရန်အတွက် သက်ဆိုင်ရာများအားလုံးနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန် အလေ့အကျင့်ဆောင်ရွက်ပေးရန်လို့လည်းရည်ရွယ်ပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့မြန်မာနိုင်ငံအတွင်းမှာ သုတေသနလုပ်ငန်းများအသီးသီးကို ဖွံ့ဖြိုးတိုးတက်အောင်နဲ့ နိုင်ငံ့အတွက်လိုအပ်တဲ့ စံနှုန်းများ ဥပမာကဏ္ဍအသီးသီး မြို့ပြ၊ စက်မှု၊ လျှပ်စစ် စသည့်စသည် ကဏ္ဍအသီးသီးမှာ လိုအပ်တဲ့စံနှုန်းများကို ကျွန်တော်တို့ရေးဆွဲရေးအတွက် သက်ဆိုင်ရာဌာနအသီးသီးနဲ့ ပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ပါတယ်။ ဒီတာဝန်ဟာ အင်မတန်မှပဲအရေးကြီးပြီးတော့ ဥပဒေပြဋ္ဌာန်းဆောင်ရွက်မှသာလျှင် ကျွန်တော်တို့ ဒါဟာ အောင်မြင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီဟာနဲ့ပတ်သက်လို့လည်းပဲ စံချိန်စံညွှန်းနဲ့ပတ်သက်လို့လည်းပဲ ကျွန်တော် တို့လွှတ်တော်မှာလည်း တင်ပြဆောင်ရွက်ပြီးဖြစ်ပါတယ်။ နောက်တစ်ချက်က အင်ဂျင်နီယာအသီးသီးရဲ့အခွင့်အရေးကို လိုအပ်သည့်အချိန်မှာ ကာကွယ်ပူးပေါင်းဖြေရှင်းသွားရန်လည်းဖြစ်ပါတယ်။ သုတေသနလုပ်ငန်းများနဲ့ပတ်သက်လို့ကတော့ အဓိက အရေးတကြီး ကျွန်တော်တို့ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ပါတယ်။ ဒါ့အပြင် အခန်း(၄) မှာ အင်ဂျင်နီယာ ပညာရပ်များနှင့် သက်ဆိုင်တဲ့ကိစ္စရပ်များမှာ အသိအမှတ်ပြုခြင်း၊ အသိအမှတ်ပြုရန်ငြင်းပယ်ခြင်းလို့လည်းဖော်ပြပါရှိပါတယ်။ ဒါဟာ ဥပဒေကြောင်းအရ ထည့်သွင်းထားရခြင်းဖြစ်သလို အချို့ကိစ္စရပ်များမှာ လိမ်လည်တင်သွင်းတာတွေ၊ နိုင်ငံတော်အစိုးရက အသိအမှတ်မပြုတဲ့ ပြင်ပပုဂ္ဂလိကကထုတ်ပေးတဲ့လက်မှတ်တွေ စိစစ်တဲ့အခါမှာ မလိုအပ်ရင်ငြင်းပယ်နိုင်ရန်အတွက် ထည့်သွင်းထားခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံတော်ရဲ့တက္ကသိုလ်များ၊ နိုင်ငံတော်မှအသိအမှတ်ပြုထားတဲ့ တက္ကသိုလ်များက အင်ဂျင်နီယာများကိုပဲ ကျွန်တော်တို့ ငြင်းပယ်ရန်မရှိဘူးဆိုတာကြိုတင် တင်ပြလိုပါတယ်။ အင်ဂျင်နီယာလက်မှတ်များ၊ မှတ်ပုံတင်လက်မှတ်များ ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ လုပ်ငန်းများကို လုပ်ကိုင်နိုင်မှာဖြစ်ပါတယ်။ သို့သော်လည်းပဲ ဥပဒေမှာဖော်ပြသလို နိုင်ငံ့အတွက်၊ ပြည်သူ့အတွက် အန္တရာယ်ရှိမယ်ဆိုရင်တော့ စဉ်းစားဆုံးဖြတ်သွားရမှာဖြစ်ပါတယ်။ ဒါကြောင့် အခန်း (၁၃)မှာ ဥပဒေ၊ နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် အများပြည်သူဘေးအန္တရာယ်ဖြစ်စေနိုင်မည့် အင်ဂျင် နီယာဆိုင်ရာလုပ်ငန်းများနဲ့ နည်းပညာလုပ်ငန်းများကို ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်မပါရှိဘဲ လုပ်ကိုင်ခြင်းမပြုရလို့သာ ဖော်ပြထားခြင်းဖြစ်ပါတယ်။ ဒါဟာ ဥပမာပေးရရင် ကျန်းမာရေးဝန်ကြီးဌာနမှာ ဆရာဝန်များကို ဆမ လက်မှတ်ထုတ်ပေးသလိုပါပဲ။ ဒီအသက်ဘေးအန္တရာယ်အတွက်စိုးရိမ်ရတဲ့ကိစ္စရပ်များမှာ လက်လွှတ်စပယ် မလုပ်ကိုင်နိုင်အောင် ကျွန်တော်တို့ပြဋ္ဌာန်း

ထားရှိခြင်းဖြစ်ပါတယ်။ ဒါရဲ့အသေးစိတ်ကိုတော့ နည်းဥပဒေမှာလည်းဖော်ပြသွားမှာဖြစ်ပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ ဒီအင်ဂျင်နီယာကောင်စီဥပဒေနဲ့ ရင်းနှီးမြှုပ်နှံမှုဥပဒေဟာလည်းပဲ မရောထွေးဖို့လိုပါတယ်။ ကုမ္ပဏီများ၊ ပိုင်ရှင်များဟာဆိုလို့ရှိရင် အင်ဂျင်နီယာဖြစ်ရန်မလိုပါဘူး။ ဒါပေမယ်လို့ ၎င်းဆောင်ရွက်မယ့်လုပ်ငန်းများကို အကောင်အထည်ဖော်တဲ့နေရာမှာတော့ လက်မှတ်ရ အင်ဂျင်နီယာများကိုသာ လိုအပ်လျှင် ထည့်သွင်းဆောင်ရွက်ငှားရမ်းသွားဖို့ ရှင်းလင်းတင်ပြလိုပါတယ်။

ကျွန်တော်တို့ အခန်း (၈)၊ အခန်း (၉) စသည်တို့မှာလည်းပဲ အင်ဂျင်နီယာမှတ်ပုံတင်လက်မှတ်များ မှတ်ပုံတင်လက်မှတ်ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့လျှောက်ထားရမည်ဟု သာပါရှိပါတယ်။ မဖြစ်မနေလျှောက်ထားရမည်လို့ ဖော်ပြခြင်းမရှိပါဘူး။ မြန်မာနိုင်ငံအာဆီယံ အပြန်အလှန် အသိအမှတ်ပြုဆိုင်ရာ အစီအမံများအရ ဆက်လက်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ထားခြင်းလည်း ဖြစ်ပါတယ်။ ယခုထုတ်ပေးတဲ့ Professional အင်ဂျင်နီယာလက်မှတ်မှာ နိုင်ငံတကာမှာ ဆောင်ရွက်ရာမှာ အလွန်မှပဲ အင်ဂျင်နီယာများအတွက် အထောက်အကူဖြစ်မှာဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ အခန်း (၈) ၊ (၉) မှာ မှတ်ပုံတင်လက်မှတ်ထုတ်ပေးမယ့် တာဝန်ရပိုင်ခွင့်တွေကို ဖော်ပြထားပြီးတော့ အခန်း (၁၁) ၊ (၁၂) မှာတော့ အရေးယူခြင်းနှင့် အရေးယူခံခြင်းတို့ကို ဖော်ပြထားရှိပါတယ်။ အခန်း (၁၃) မှာတော့ တားမြစ်ချက်နှင့် ပြစ်ဒဏ်ကိုဖော်ပြထားရှိပါတယ်။ ဒီဥပဒေကြမ်းမှာ ကျွန်တော်တို့ အစိုးရဌာနများမှာ လုပ်ကိုင်နေသူများကို လုပ်ငန်းများ၊ နိုင်ငံတော်က သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း လုပ်ကိုင်နေကြသူများဖြစ်သဖြင့် မှတ်ပုံတင်လက်မှတ်မလိုကြောင်းကိုလည်း ကျွန်တော်တို့ ဒါထည့်သွင်းဖော်ပြထားပါတယ်။ သို့သော်လည်းပဲ ပြင်ပမှာ လုပ်ငန်းလုပ်ကိုင်မယ်ဆိုရင်တော့ ဒါဥပဒေအရ လိုအပ်မှာဖြစ်ပါတယ်။ နောက်ကျွန်တော်တို့ ဒါ့ကြောင့် ဒီအင်ဂျင်နီယာအသိအမှတ်ပြုလက်မှတ်ကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်အတွက်ဖော်ပြထားခြင်းဖြစ်ပါတယ်။ ဒီလိုဖော်ပြထားတဲ့ဥပဒေကို ကျွန်တော်တို့ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ကို ဥပဒေ၊ နည်းဥပဒေနှင့်အညီ ကျွန်တော်တို့ကော်မတီအနေနဲ့ တင်သွင်းအပ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီက ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ (ခ)အရ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ရှင်းလင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် တက်ရောက်လာကြသောဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ ပြည်သူ့လွှတ်တော် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီက တင်သွင်းသော မြန်မာနိုင်ငံအင်ဂျင်နီယာ ကောင်စီဥပဒေကြမ်းအား ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာစိစစ်တွေ့ရှိချက်အစီရင်ခံစာ-

၁။ ပြည်သူ့လွှတ်တော် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီက မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကြမ်းကို ၂၉.၇.၂၀၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့တွင် လွှတ်တော်သို့တင်သွင်းခဲ့ရာ လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပါသည်။

၂။ နိုင်ငံတော်မှ ဥပဒေများပြဋ္ဌာန်း၍ အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရပ် အသီးသီးကို ပညာရပ်ဆိုင်ရာကောင်စီများ ဖွဲ့စည်းပေးခဲ့ပြီး၊ စောင့်ကြည့်ထိန်းသိမ်း ကြီးကြပ်ကူညီခဲ့သော်လည်း အင်ဂျင်နီယာလုပ်ငန်းနှင့်သက်ဆိုင်သော အင်ဂျင်နီယာကောင်စီကို ဖွဲ့စည်းနိုင်ခြင်းမရှိသေးသဖြင့် ဖွဲ့စည်းဆောင်ရွက်ရန် ရည်ရွယ်ကြောင်း တွေ့ရှိရပါသည်။

၃။ ဤဥပဒေပြဋ္ဌာန်းပြီးပါက မြန်မာအင်ဂျင်နီယာ၊ နည်းပညာကျွမ်းကျင်သူများ၏ အရည်အသွေးကိုစိစစ်ပြီး အရည်အသွေးအဆင့်အတန်း သတ်မှတ်ပေးနိုင်မည်ဖြစ်သဖြင့် နိုင်ငံတကာအင်ဂျင်နီယာ

များနှင့် တန်းတူအခွင့်အရေးရရှိနိုင်မည်ဖြစ်ခြင်း၊နိုင်ငံအတွင်း၌လည်း အင်ဂျင်နီယာဆိုင်ရာလုပ်ငန်းများ၏ အရည်အသွေးကို ထိန်းသိမ်းနိုင်ခြင်း၊ စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်နိုင်ခြင်း၊ အင်ဂျင်နီယာနှင့် နည်းပညာကျွမ်းကျင်သူတို့၏ အလုပ်အကိုင်ရရှိရေး၊ ထိုက်တန်သောလစာများရရှိရေးတို့အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပြီး အင်ဂျင်နီယာဆိုင်ရာ လုပ်ငန်းအသီးသီး ကိုလည်း နိုင်ငံတကာတိုးတက်မှုနှင့်အညီ ပံ့ပိုးဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါ သည်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကြမ်းကို လေ့လာစိစစ်နိုင်ရန် ၁၂.၈.၂၀၁၃ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ကြပါသည်။ ယင်းအစည်းအဝေးသို့ ပြည်သူ့လွှတ်တော် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုအစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

၅။ ဤဥပဒေကြမ်းတွင် အခန်း(၁၄)ခန်းနှင့် ပုဒ်မပေါင်း (၅၁) ခု ပါရှိပါသည်။

၆။ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) အခန်း (၁)၊ ပုဒ်မ ၃ ပုဒ်မခွဲ (က) ကို အင်ဂျင်နီယာပညာဆိုသည်မှာ သင်္ချာ၊ သိပ္ပံ၊ စီးပွားရေးနှင့် လူမှုရေး၊ ပညာရပ်တို့ကို လေ့လာသင်ကြား လေ့ကျင့်မှုအတွေ့အကြုံများရရှိလာသော အသိပညာနှင့်အတတ်ပညာများကို အခြေခံသော သဘာဝသယံဇာတနှင့် လူသားအရင်းအမြစ်များအား သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြင့် အသုံးချပြီး၊ လူ့အဖွဲ့အစည်းအတွက် အကျိုးပြုသော အဆောက်အဦများ၊ စက်၊ ယာဉ်၊ ရထားယားများ၊ ကိရိယာတန်ဆာပလာများ၊ စွမ်းအားများ၊ ဝတ္ထုပစ္စည်းများ၊ ထုတ်လုပ်မှု နည်းစဉ်များကို ဒီဇိုင်းတွက်ချက်၊ တည်ဆောက် ထိန်းသိမ်းပေးနိုင်သည့် အသိဉာဏ်နှင့်ယှဉ်ပြီး အသုံးချရသော ပညာကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

**ဥက္ကဋ္ဌ**။ ။ အဲ့ဒီအပိုဒ် ၆ က စိစစ်တွေ့မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ အဲ့ဒီကနေ ကျော်လိုက်ပါ။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ**။ ။ ကျန်တာတွေ သက်ဆိုင်ရာကိုယ်စားလှယ်တွေ ဖတ်ပါလိမ့်မယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ကဲ့ပါခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ အဲ့ဒါပြီးတဲ့အခါမှာ စာမျက်နှာ ၇ အခန်း (၇) ကိုဆက်ဖတ်ပါ။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ကဲ့ပါခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၇ ကိုဆက်ဖတ်ပါ။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကျွန်တော်တို့ရဲ့ စိစစ်တွေ့ရှိချက်များကို ကိုယ်စားလှယ်ကြီးများထံဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် လွှတ်တော်၏အချိန်ကို ငဲ့ကွက်သောအားဖြင့် ကျွန်တော်တို့ ဖတ်ကြားတင်ပြမှုမပြုလုပ်တော့ပါဘူး။

၇။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအင်ဂျင်နီယာ ကောင်စီဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ ဥပဒေကြမ်းကော်မတီ။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၆ အရ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာပါမယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၆၊ ၁၈၇ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၂-၈-၂၀၁၃ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးပြောကြားပါတယ်။

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့်ပေးပို့လာသော ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့်

ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ တက်ရောက်လာသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါးရွှင်လန်းဝမ်းမြောက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ကျိုင်းတုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပေးပို့လာသော ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပေးပို့လာသော ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးခဲ့ပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ၂၅-၇-၂၀၁၃ ရက်စွဲပါစာဖြင့် ပေးပို့လာပါသည်။

၂။ The Limitation Act သည် ၁-၁-၁၉၀၉ ရက်နေ့တွင် India Act IX, 1908 အဖြစ် ထုတ်ပြန်ကြေညာခဲ့သည့် ဥပဒေဖြစ်ပါသည်။

၃။ ဤဥပဒေကြမ်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အာဏာသက်ရောက်စေရန်အတွက်လည်းကောင်း၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေနှင့်အညီ တရားရုံးအဆင့်ဆင့်ကို ဖွဲ့စည်းတည်ထောင်ရာတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးတို့ကို ထည့်သွင်းဖော်ပြနိုင်ရန်အတွက်လည်းကောင်း၊ ပြောင်းလဲလာသောခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေမှုမရှိသည့် စကားရပ်များကို ပြင်ဆင်ရန်အတွက်လည်းကောင်း ရည်ရွယ်၍ တင်သွင်းလာခြင်းဖြစ်ကြောင်းတွေ့ရှိရပါသည်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လေ့လာစိစစ်နိုင်ရန် ၁၂-၈-၂၀၁၃ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများစိစစ်

ဆောင်ရွက်ရေးကော်မတီ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ တရားသူကြီးနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြပါသည်။

၅။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် ၃ ချက်အနက် ၁ ချက်ကိုသာလက်ခံရန် သဘောတူခဲ့ပြီး ဤဥပဒေကြမ်းအပေါ် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြင်ဆင်တဲ့ အပိုဒ်များနှင့်ပတ်သက်၍ အားလုံးကို ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဖတ်ကြားတင်ပြခြင်း မပြုတော့ပါဘူး။ အပိုဒ် ၆ ကို ဆက်လက်ဖတ်ကြားတင်ပြပါ့မယ်။

၆။ သို့ဖြစ်ပါ၍ ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကာလစည်းကမ်းသတ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာဖော်ပြ၍ ၂၂-၈-၂၀၁၃ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးကြရန်ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို တစ်နာရီခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**[အစည်းအဝေးကို မိနစ်တစ်နာရီခန့် ရပ်နားပါသည်။]**

အချိန်၊ ၁၂း၄၅

**အခမ်းအနားမှူး။** ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်က ယနေ့ကာလတွင် ပြည်ထောင်စုလွှတ်တော်က ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်ချုပ်ရေးမှူး ဥပဒေပြဋ္ဌာန်းခဲ့ပြီးဖြစ်သော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေး အဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်အုပ်ချုပ်ရေးကို အုပ်ချုပ်ရေးဥပဒေ ပြဋ္ဌာန်းခြင်းမရှိသေးဘဲ တာဝန်ပေးဆောင်ရွက်စေခြင်းသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ဆီလျော်ခြင်းမရှိပါ၊ သို့ဖြစ်ပါ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးအဆင့်၊ ခရိုင် အဆင့်နှင့် မြို့နယ်အဆင့် သက်ဆိုင်ရာအုပ်ချုပ်ရေးဥပဒေမူကြမ်း တစ်ရပ်ရေးဆွဲရန် ပြည်ထောင်စုအစိုးရအား ဤလွှတ်တော်မှ တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါ တယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)။** ။လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော်တင်သွင်းမယ့်အဆိုကတော့ ယနေ့ကာလတွင် ပြည်ထောင်စုလွှတ်တော်က ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်ချုပ်ရေးမှူး ဥပဒေပြဋ္ဌာန်းခဲ့ပြီးဖြစ်သော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေး အဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်အုပ်ချုပ်ရေးကို အုပ်ချုပ်ရေးဥပဒေပြဋ္ဌာန်းခြင်းမရှိသေးဘဲ တာဝန်ပေးဆောင်ရွက်စေခြင်းသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ဆီလျော်ခြင်းမရှိပါ။ သို့ဖြစ်ပါ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးအဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် သက်ဆိုင်ရာအုပ်ချုပ်ရေးဥပဒေမူကြမ်း တစ်ရပ်ရေးဆွဲရန်ပြည်ထောင်စုအစိုးရအား ဤလွှတ်တော်မှ တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုကို ကျွန်တော်တင်သွင်းရခြင်း ရည်ရွယ်ချက်ကတော့ နှစ်ချက်ရှိပါတယ်။ တစ်ချက်ကတော့ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့မှာ နိုင်ငံတော်သမ္မတကြီးက တိုင်းပြည်နှင့်လူမျိုးဂုဏ်ကိုပြန်လည်မြှင့်တင်ဖို့ လိုအပ်တဲ့အခါမှာ

အုပ်ချုပ်ရေးယန္တရားတစ်ခုလုံးကို ပြန်လည်ကောင်းမွန်အောင်ကြိုးပမ်းမယ်။ အစိုးရအဖွဲ့အစည်း ရဲ့ ယန္တရားတည်ဆောက်ပုံကို ပြောင်းလဲမယ်ဆိုပြီးတော့ လမ်းညွှန်မိန့်ကြားခဲ့ပါတယ်။

နောက် ဒုတိယအချက်ကတော့ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာစိစစ်သုံးသပ်ရေး ကော်မတီတွေဖွဲ့စည်းထားတဲ့အချိန်မှာ ကျွန်တော်တို့ ခရိုင်အုပ်ချုပ်ရေး၊ မြို့နယ်အုပ်ချုပ်ရေးကို အခြေခံဥပဒေက ပေးထားတဲ့ပြဋ္ဌာန်းချက်များဟာ ဒီမိုကရေစီစနစ်နဲ့ ကိုက်ညီမှုရှိ/မရှိ ပြန်လည် ဆန်းစစ်ဖို့လိုပါတယ်။ ဒီအချက်ကြောင့် ကျွန်တော်တင်တဲ့အခါမှာ လက်တွေ့ဖြစ်ရပ်များကိုလည်း ဘာကြောင့်ဆိုတာ ကျွန်တော်မီးမောင်းထိုးပြသွားပါမယ်။ လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံဥပဒေပုဒ်မ ၂၈၈ မှာ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးကို နိုင်ငံ့ဝန်ထမ်းများတာဝန်ပေး ဆောင်ရွက်ရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ သို့သော် တပ်မတော်သားဆိုရင် တပ်မတော်သား အက်ဥပဒေတွေရှိပါတယ်။ ရဲများနှင့်ပတ်သက်လို့ရှိရင်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်း ရေးဥပဒေရှိပါတယ်။ အခု ဒီဝန်ထမ်းတွေနဲ့ပတ်သက်ပြီး ခရိုင်အုပ်ချုပ်ရေး၊ မြို့နယ်အုပ်ချုပ်ရေးမှာ အခု ဒီ ပုဒ်မ ၂၈၈ အရ အုပ်ချုပ်ရေးကိုဝန်ထမ်းတွေနဲ့ ဆောင်ရွက်မယ်လို့ ပြဋ္ဌာန်းထားတဲ့အခါမှာ မည်သည့်ဌာန၊ မည်သည့်ဝန်ထမ်းကို ဘယ်လိုတာဝန်ပေးထားတယ်ဆိုတဲ့ တိကျတဲ့ဥပဒေတစ်ရပ် ပြဋ္ဌာန်းထားခြင်းမရှိပါဘူး။ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ အုပ်ချုပ်ရေးသမိုင်းကို ပြန်လေ့လာကြည့်ရင် ကိုလိုနီခေတ်မှာ ဒီမိုကရေစီအုပ်ချုပ်ရေးယန္တရားနဲ့ နိုင်ငံတော်ကိုအုပ်ချုပ်ခဲ့ပါတယ်။ ဒီအတိုင်းပဲ လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ်ကနေ ၁၉၇၂ ခုနှစ်ထိကလည်း ဗျူရိုကရေစီအုပ်ချုပ်ရေးနဲ့ပဲ ကျွန်တော်တို့တိုင်းပြည်ကို အုပ်ချုပ်ခဲ့ပါတယ်။ အဲ့ဒီဗျူရိုကရေစီအုပ်ချုပ်ရေးဆိုတဲ့ ဝန်ထမ်းတစ်ဦး ချင်းကို အာဏာအပ်နှင်းခဲ့တဲ့ အုပ်ချုပ်ရေးမှာ ကျွန်တော်တို့ သမိုင်းသင်ခန်းစာတွေရှိပါတယ်။ တစ်ချိန် တုန်းက နယ်ချဲ့ဖက်ဆစ်ဆန့်ကျင်ရေး၊ တော်လှန်ရေးတွေလုပ်ပြီးတော့ မြန်မာနိုင်ငံလွတ်လပ်ရေးကို ရယူပေးခဲ့တဲ့ တော်လှန်ရေးသမားတွေသည်ပင်လျှင် နောင်အစိုးရအဖွဲ့ဝန်ကြီးဖြစ်လာတဲ့အခါကျတော့ သူတို့ရဲ့မူဝါဒတွေကို ဟိုခေတ်ကရေးထားတဲ့အတိုင်း ပြောရရင် အင်ဂျင်လည်းပျက်၊ တာယာလည်း မကောင်းတဲ့ ဗျူရိုကရေစီအုပ်ချုပ်ရေးယန္တရားနဲ့ မောင်းနှင်လိုက်တဲ့အခါကျတော့ မူလမျှော်မှန်းချက် တွေကနေ လွဲချော်သွားခဲ့ပါတယ်။ အဲ့ဒီအပြင် အဲဒီဝန်ကြီးတွေက တော်လှန်ရေးသမားဘဝကနေ ဒီအတွင်း ဝန်တို့၊ တိုင်းမင်းကြီးတို့၊ ခရိုင်ဝန်တို့၊ နယ်ပိုင်တို့၊ မြို့အုပ်တို့ကနေ ဖျက်ဆီးလိုက်တဲ့အတွက် နိုင်ငံရေး သမားအသွင်ပျောက်ပြီးတော့ ကိုယ်ကျိုးရှာပြီးတော့ လူထုနှင့်ကင်းကွာခဲ့တဲ့ အချိန်လည်း ကျွန်တော်တို့ သမိုင်းမှာ သင်ခန်းစာရှိပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဘာပြောပြောဖြစ်ရပ်တစ်ခုကို အမှန်အတိုင်းတင်ပြရရင် တစ်ပါတီစနစ်နဲ့ အုပ်ချုပ်ခဲ့တဲ့ လမ်းစဉ်ပါတီခေတ်မှာပင် ယနေ့အထိ သာဓကယူခဲ့ဖို့ကောင်းတဲ့အချက်ကတော့ ပြည်သူ့ကောင်စီဥပဒေဆိုပြီးတော့ ပြဋ္ဌာန်းခဲ့ပါတယ်။ တိုင်းအုပ်ချုပ်ရေး၊ မြို့နယ်အုပ်ချုပ်ရေးတို့မှာ လုပ်ပိုင်ခွင့်တွေရှိတယ်။ တာဝန်တွေရှိတယ်ဆိုတာကို ဥပဒေနှင့်ပြဋ္ဌာန်းပြီး မောင်းနှင်ခဲ့တဲ့အတွက် ဘာပြောပြောပေ့ါ။ မူကောင်းပြီးတော့ လူမကောင်းခဲ့လို့ တချို့တိုင်းပြည်မှာ ဖြစ်ခဲ့ရတယ်ဆိုတဲ့ဟာက ဒီနေ့အထိ ကျွန်တော်တို့ မေ့လို့မရတဲ့အချက်ပါ။ အဲ့ဒီတော့ ဒီအုပ်ချုပ်ရေးအာဏာပိုင်တွေကို အခု ကျွန်တော်တို့ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးကို ဥပဒေနှင့်အတိအကျပြဋ္ဌာန်းထားပါတယ်။ ဘယ်လိုအရည်အချင်းရှိတဲ့သူတွေကို ရွေးမလဲ။ သူတို့ လိုက်နာရမယ့်ကျင့်ဝတ်တွေက ဘာရှိသလဲ။ လုပ်ရမယ့်လုပ်ငန်းတာဝန်တွေကဘာ။ အဲဒီလို အတိအကျ ပြဋ္ဌာန်းထားတဲ့အတွက် ပေါ်ပေါက်နေတဲ့ပြဿနာတွေကို ကိုင်တွယ်တဲ့အခါမှာ ဥပဒေနဲ့ ထိန်းကျောင်းပေးလို့ရပါတယ်။ အခု ခရိုင်/မြို့နယ်/တိုင်းဒေသကြီး/ပြည်နယ်အုပ်ချုပ်ရေးမှူးတွေနဲ့ ပတ်သက်လို့ရှိရင် ဥပဒေမရှိဘဲ ဒီတာဝန်တွေပေးခဲ့တဲ့အတွက် ကျွန်တော်တို့ ကိုင်တွယ်ရမယ့်ကိစ္စတွေမှာ အများကြီး အခုပဲ အခက်အခဲတွေ့နေပါတယ်။ နိုင်ငံတော်သမ္မတကြီးက ကျွန်တဲ့လပေါင်း ၃၀ ကို လူထုဗဟိုပြုတဲ့လုပ်ငန်းတွေနဲ့ ပြည်သူလူထုအတွက် အခက်အခဲတွေ ပြေလည်ပြီးသက်သာအောင် လုပ်ပေးမယ်လို့သာပြောတာ။ အခုလက်တွေ့နယ်ပယ်မှာ ဒီမြို့နယ်အုပ်ချုပ်ရေး၊ ခရိုင်အုပ်ချုပ်ရေး၊ တိုင်း/ပြည်နယ် အုပ်ချုပ်ရေးမှူးတွေနဲ့ပတ်သက်ပြီး ပြဿနာတွေက စာနယ်ဇင်းတွေမှာလည်း ရေးသလို ကျွန်တော်တို့ လက်တွေ့ကြုံရတာလည်းရှိပါတယ်။

အဲ့ဒီတော့ ဒီမှာ သာဓကတစ်ခုအနေနဲ့တင်ပြရရင် အခု ပြည်သူ့လွှတ်တော်ဥပဒေ၊ အမျိုးသားလွှတ်တော်ဥပဒေမှာ ကျွန်တော်တို့ မြို့နယ်ရဲ့အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းတွေမှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေကို တိုင်ပင်အပ်သော ပုဂ္ဂိုလ်များအဖြစ် ဥပဒေကပြဋ္ဌာန်းထားပါတယ်။ ဒီဥပဒေထွက်တဲ့နောက်မှာပင်လျှင် အခု ကျွန်တော်တို့ လေ့လာကြည့်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ် သုံးမျိုးသုံးစားတွေ့ရပါတယ်။ ဒီမြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းတွေနဲ့ပတ်သက်ပြီးတော့ တိုင်ပင်တဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးတွေ ဒါတချို့မြို့နယ်မှာရှိပါတယ်။ ဒုတိယကတော့ အခု မြို့နယ်မှာ ဖွံ့ဖြိုးတဲ့အဖွဲ့အစည်းတွေကိစ္စ တိုင်ပင်ခြင်းမရှိဘူး။ သို့သော် အသိပေးတဲ့ မြို့နယ်တွေလည်းရှိပါတယ်။ ဥပမာ ကျွန်တော်လက်လှမ်းမီတဲ့ အချို့မြို့နယ်တွေကို ကျွန်တော်မေးကြည့်တဲ့အခါကျတော့ ကျွန်တော့်သယ်န်းကျွန်းလိုပဲ ကျွန်တော်တို့ ဒီဥပဒေထွက်ပြီးတော့ မြို့နယ်အုပ်ချုပ်ရေးမှူးကို မြို့နယ်ရဲ့ဖွံ့ဖြိုးရေး၊ အုပ်ချုပ်ရေးတွေ ကျွန်တော်တို့နဲ့ ညှိနှိုင်းဖို့စာပို့တယ်။ ခရိုင်တင်ထားတယ်လို့

ပြောတယ်။ ခရိုင်အုပ်ချုပ်ရေးမှူးဆိုတာကလည်း ဒီနေ့အချိန်အထိ ဥပဒေပြဋ္ဌာန်းပြီးတဲ့ နိုဝင်ဘာလကနေ အခု ဩဂုတ်လအထိပေါ့လေ။ ဘယ်သူဘယ်ဝါဆိုတာတောင် ကျွန်တော်တို့ မသိဘူး။ အဲဒီတော့ ဟိုတစ်နေ့က လွှတ်တော်ဥက္ကဋ္ဌကြီးကနေ ပြည်ထောင်စုလွှတ်တော်မှာ နာယကအနေနဲ့ ပြောကြားခဲ့တဲ့ အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းဆိုတဲ့ဟာမှာ အဆက်အစပ်မရှိတာ၊ သဟဇာတမဖြစ်တာတွေမပါဘူးဆိုတဲ့ ထောက်ပြချက်က အင်မတန်မှ ကျွန်တော်တို့ရဲ့ လက်တွေ့အခြေအနေနဲ့ ဆက်စပ်ပြီးတော့ လမ်းညွှန်ချက်လည်းဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလိုဖြစ်ပျက်နေတဲ့ အခြေအနေတွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ နိုင်ငံရေးပါတီတွေနဲ့ နိုင်ငံတော်သမ္မတကြီး တွေ့တဲ့အခါမှာလည်းကျွန်တော်တင်ပြပါတယ်။ အဲဒီတော့ သမ္မတကြီးနှင့်တွေ့ပြီး နောက်တစ်ရက်မှာ ညွှန်ကြားချက်ကိုသတင်းစာထဲပါလာတယ်။ လိုအပ်ပါက လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းရန် သို့သော် အခုထက်ထိမညှိနှိုင်းပါဘူး။ အဲ့ဒီအပြင် ဒီလိုတော့မဖြစ်တော့ဘူး။ အသေးစိတ်တော့ သမ္မတကြီးနှင့် သူနှင့်နီးစပ်တဲ့ အသိုင်းအဝိုင်းသိရအောင် ဆောင်းပါးရေးမှပဲဆိုပြီးတော့ ဆောင်းပါးလည်းရေးပါတယ်။ ကျွန်တော်တို့ကို ကနေ့အချိန်အထိ မတိုင်ပင်ဘူး။ တိုင်းလွှတ်တော်ကိုယ်စားလှယ်ကို လွှတ်လိုက်တဲ့အခါမှာ ခရိုင်ပို့ထားတယ်။ အဲဒီလို ဆင့်ကဲဆင့်ကဲပေါ့။ ဟိုနေ့က လွှတ်တော်မှာပြောတဲ့အတိုင်းပါပဲ။ ကျွန်တော်တို့ အများနည်းတူ ထဲမှာ ပါနေတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေဖြစ်နေတယ်။ အဲဒါကြောင့် ဒီလိုဟာတွေဟာ ဥပဒေမရှိလို့ ဖြစ်တာပဲလို့ ခံယူပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ ခရိုင်၊ မြို့နယ်တင်ပဲလား။ မဟုတ်ဘူး။ အခု မြန်မာသံတော်ဆင့်ဂျာနယ်ထဲမှာ ကျွန်တော်ဖတ်ရတဲ့သတင်းအရဆိုရင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရေးမှူး အထွေထွေအုပ်ချုပ်ရေးမှူး ဦးအေးကျော်ပေါ့။ အခုထက်ထိ တိုင်းမင်းကြီးဆိုတဲ့ဟာလေးကွင်းစ ကွင်းပိတ်ထည့်ပေးထားရတယ်။ ဌာနဆိုင်ရာလုပ်ငန်းတွေနဲ့ပတ်သက်ပြီးတော့ အဓမ္မမြေသိမ်းမှုတွေနှင့်ပတ်သက်ပြီးတော့ စသုံးလုံးမှ ပုသိမ်မှာလာရောက်စစ်ဆေးတဲ့သတင်းပေါ့။ ဒီလိုဟာတွေကလည်း တိုင်းထွေ/အုပ်တွေအထိပေါ့။ အခုလိုဖြစ်ပျက်နေတာတွေတွေ့နေရပါတယ်။ အဲဒါဘာလဲဆိုတော့ ဥပဒေမရှိတဲ့အခါကျတော့ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့ရဲ့ အတွင်းရေးမှူးဖြစ်သည်။ အဲဒီတော့ ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ပြည်နယ်ဝန်ကြီးချုပ်နဲ့ တိုင်းဒေသကြီးဝန်ကြီးချုပ်တွေကို ကိုင်တွယ်ထားနိုင်ရင် ဖဆပလခေတ်ကလိုပဲပေါ့။ အပြန်အလှန်အပေးအယူလုပ်ပြီးတော့ ထိန်းကျောင်းထားနိုင်ရင် ဒီအာဏာရဲ့ တော်တော်များများဟာ ပြည်သူ့ကိုယ်စားလှယ်တွေလက်ထဲကနေ တော်တော်များများက ဗျူရိုကရေစီယန္တရားဆီရောက်သွားတယ်။ ဒါတွေကဘာလဲဆိုတော့ ဥပဒေမရှိတဲ့အခါမှာ ပေါ်ပေါက်

လာတဲ့အချက်အလက်တွေကို ကျွန်တော်အလျဉ်းသင့်လို့ တင်ပြရရင် အခြေခံဥပဒေချင်းတော့မတူဘူး ပေါ့။ ဒါပေမယ့် ကျွန်တော်တို့ ဒီဖြစ်ရပ်တွေကို ဖတ်ရတဲ့အခါကျတော့ ကျွန်တော်တို့အခြေအနေနဲ့ နှိုင်းယှဉ်ပြီးတော့ တော်တော်တော့ ခံစားရပါတယ်။ စင်ကာပူနိုင်ငံရဲ့ Town Council Act ကို ပြဋ္ဌာန်းပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တွေကို မြို့ပြစည်ပင်သာယာရေးကော်မတီရဲ့ကိစ္စတွေကို ဆောင်ရွက်နိုင်ဖို့ Town Council မှာ ဥက္ကဋ္ဌတွေ၊ ဒုတိယဥက္ကဋ္ဌတွေ နေရာပေးထားပါတယ်။ အဲဒီတော့ Town Council ဟာ လွှတ်တော်ကိုယ်စားလှယ်တွေအတွက် ပြည်သူတွေနဲ့ထိတွေ့နိုင်တဲ့ Instruction တစ်ခုဖြစ်လာပါတယ်။ လွှတ်တော်ကိုယ်စားလှယ်အနေနဲ့လည်း မိမိရဲ့ မဲဆန္ဒရှင်များရဲ့ ဘဝနှင့် ခံစားချက်များအပြင် ၎င်းတို့ရဲ့ ဆန္ဒသဘောထား၊ အကြံပြုချက်များကိုလည်း ပြည်သူလူထုဆီက သိရှိပြီးတော့ ကြားနာဖြေရှင်းပေးနိုင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အခြေခံဥပဒေချင်းမတူတဲ့ အတွက် စင်ကာပူလိုအဆင့်အတန်းမျိုး ကျွန်တော်တို့ မမျှော်မှန်းပါဘူး။ သို့သော် စင်ကာပူနိုင်ငံ ဖွံ့ဖြိုး ခဲ့တဲ့အထဲမှာ လွှတ်တော်ကိုယ်စားလှယ်တွေကို ပြည်သူနဲ့ထိတွေ့အောင် အုပ်ချုပ်ရေးတာဝန်ရှိသူတွေ ကလေးလေးစားစားသဘောထားဆက်ဆံတယ်ဆိုတဲ့ အချက်ကတော့ ဒါပေါ်ပေါက်ပါတယ်။ ကျွန်တော် တို့မှာ အခုဒီနေ့ လပေါင်း ၃၀ ကျော်လာပြီ။ အခု ကျွန်တော်ဆိုရင် မြို့နယ်အုပ်ချုပ်ရေးမှူးကိုတွေ့ ပါရစေဆိုပြီးတော့ စာတစ်တန်၊ ပေတစ်တန်နဲ့တင်ပါတယ်။ ခရိုင်အုပ်ချုပ်ရေးမှူးရဲ့ ညွှန်ကြားချက်မရ တဲ့အတွက် အတွေ့မခံဘူး။ ခရိုင်အုပ်ချုပ်ရေးမှူးဆိုတာကလည်း အထက်က ကျွန်တော်တင်ပြတဲ့ အတိုင်းပဲ အဲဒီလိုအချိန်မှာ ကျွန်တော်တို့က ဘာအားကိုးရတော့မလဲ။ သမ္မတကြီးလည်း တင်ပြီးပြီ။ ဆောင်းပါးလည်းရေးပြီးပြီ။ အဲ့ဒါဆိုရင် တရားဥပဒေအရ ထိန်းကျောင်းဖို့အတွက် ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးဖို့ဟာ မလွဲမရှောင်သာ လိုအပ်လာပြီဖြစ်ပါတယ်။ အဲဒီတော့ ဒီနေ့ကျွန်တော်တို့ ရှေ့ကို ဒီမိုကရေစီစနစ်ကို သွားမယ်ဆိုလို့ရှိရင် ပြည်သူတွေကိုတာဝန်ခံတဲ့ ပြည်သူတွေကရွေးချယ်တင် မြှောက်တဲ့ ဒါအမြင့်ဆုံးမျှော်မှန်းရမှာပါပဲ။ ဒီအထိ ကျွန်တော်တို့ သွားရမှာပါ။ အမေရိကန်မှာလည်း သမ္မတကိုစီမံခန့်ခွဲမှုအာဏာ အခြေခံဥပဒေကပေးတာပါ။ ဒါပေမယ့် ပြည်နယ်တွေရဲ့ ဘုရင်ခံ လူထုက ရွေးတင်တယ်။ မြို့တော်တွေရဲ့ မြို့တော်ဝန်တွေကို လူထုက ရွေးတင်တယ်။ နောင်တစ်နေ့ ကျွန်တော် တို့က ဒီမြို့နယ်တို့၊ ခရိုင်တို့အဆင့်တွေမှာလည်း ပြည်သူလူထုရဲ့ ကိုယ်စားလှယ်တွေ ပြည်သူကို ကိုယ်စားပြုတဲ့သူအဖြစ်ရွေးချယ်ရမှာတော့ ကျွန်တော်တို့ ရေရှည်မျှော်မှန်းထားရမှာပါ။ သို့သော် လောလောဆယ် ကျန်တဲ့ လပေါင်း ၃၀ မှာ အခုလို ဝန်ကြီးဌာနက တာဝန်ပေးပြီးတော့ ဘာတာဝန် ဘယ်သူ့ကိုပေးတယ်ဆိုတဲ့ ညွှန်ကြားချက်မရှိဘဲနဲ့ သာမန်ဝန်ထမ်းစည်းမျဉ်း တစ်ခုလောက်နဲ့သာ ဒီမြို့နယ်အုပ်ချုပ်ရေးမှူးတွေ၊ ခရိုင်အုပ်ချုပ်ရေးမှူးတွေကို တာဝန်ပေးမယ်ဆိုရင် ကျွန်တော် ဗေဒင်

ဆရာတော့မဟုတ်ပါဘူး။ သို့သော် ကျွန်တော် နိုင်ငံရေး ဟောကိန်းတစ်ခုတော့ ဟောပါရစေ။ ကျွန်တော်တို့ ဖြတ်သန်းခဲ့တဲ့ ခေတ်အတွေ့အကြုံအရပြောရရင်တော့ အဲ့ဒီပုဂ္ဂိုလ်နဲ့သာ အုပ်ချုပ်ရေးယန္တရားကိုမောင်းနှင်မယ်ဆိုရင် ယနေ့ နိုင်ငံတော်သမ္မတကြီးပြောနေတဲ့ ကောင်းမွန်တဲ့အုပ်ချုပ်ရေး၊ သန့်ရှင်းတဲ့ အစိုးရပေါ်ပေါက်ဖို့ဆိုတာ အင်မတန် အလှမ်းကွာတဲ့ အခြေအနေမျိုးကို ကြုံရလိမ့်မယ်လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ကို ကျွန်တော် တင်ပြပါတယ်။ အဲ့ဒါကြောင့် ကျွန်တော်တို့ ဒါတွေကို သင်ခန်းစာယူပြီးတော့ လက်တွေ့ပေါ်ပေါက်နေတဲ့ အခြေအနေတွေကို ကျွန်တော်တို့ အခုသိတဲ့ သတင်းတွေအရကိုပင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ တိုင်းနှင့်ပြည်နယ်အုပ်ချုပ်ရေးမှူးတွေကို ဥပဒေအရ ထိန်းကျောင်းဖို့လိုပါတယ်။ ဥပဒေအရ ထိန်းကျောင်းတော့မှသာလျှင် သူတို့ရဲ့ လုပ်ပိုင်ခွင့်အာဏာတွေ အလွဲသုံးစားလုပ်ရင်လည်း တရားဥပဒေအရ ကျွန်တော်တို့ အရေးယူနိုင်ပါတယ်။ အခု အာဏာကို အလွဲသုံးစားလုပ်မှုတွေ၊ ပြည်သူလူထုအပေါ်မှာ နိုင်ထက်သမှုအနိုင်ကျင့်မှုတွေဟာ အဲ့ဒီအဆင့်တွေမှာ အုပ်ချုပ်ရေးဆိုင်ရာ အတိအကျပြဋ္ဌာန်းထားတဲ့ ဥပဒေမရှိပါဘူး။ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူး တစ်ယောက်သည်ပင်လျှင် သီးသီးသန့်သန့်ဥပဒေတွေ လိုက်နာပြီးတော့ ဒီနေ့ခေတ် ကျွန်တော်တို့ အုပ်ချုပ်ရေးယန္တရားကြီးကို မောင်းနှင်နေတဲ့အချိန်မှာ ဘာအကြောင်းနဲ့ပဲဖြစ်ဖြစ် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ တိုင်းအုပ်ချုပ်ရေးမှူးတွေဟာ သူတို့အတွက်သီးသန့်ဥပဒေမရှိဘဲနဲ့ ဆက်လက်ဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့ ဒီမိုကရေစီစနစ်နဲ့ ကိုက်ညီတဲ့ အုပ်ချုပ်ရေးယန္တရားကြီး၊ ပြည်သူလူထုအကျိုးကို သယ်ပိုးမယ့် အုပ်ချုပ်ရေးယန္တရားကြီးကို ကျွန်တော်တို့ တည်ဆောက်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ကို အထက်ပါ အခြေအနေများအရ ကျွန်တော်တို့ တိုင်းပြည်မှာ ဥပဒေတစ်ရပ်သာလိုအပ်နေပါတယ်။ ဥပဒေကတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးအဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် သက်ဆိုင်ရာအုပ်ချုပ်ရေးဥပဒေမူကြမ်းတစ်ရပ်ကို ရေးဆွဲပြီးတော့ ပြည်ထောင်စုအစိုးရက ဤလွှတ်တော်မှာ တင်ပြဖို့ တိုက်တွန်းကြောင်းအဆိုကို နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် ကျွန်တော် လေးလေးနက်နက်တင်သွင်းရပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်တင်သွင်းတဲ့အဆိုကို ထောက်ခံမည့်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းဆွေ(ညောင်ရွှေမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ

ဦးသိန်းညွန့်တင်သွင်းတဲ့ ယနေ့ကာလတွင် ပြည်ထောင်စုလွှတ်တော်က ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးဥပဒေပြဋ္ဌာန်းခဲ့ပြီးဖြစ်သော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးအဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်အုပ်ချုပ်ရေးကို အုပ်ချုပ်ရေးဥပဒေပြဋ္ဌာန်းခြင်းမရှိသေးဘဲ တာဝန်ပေးအပ်ဆောင်ရွက်ခြင်းသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနဲ့ ဆီလျော်ခြင်းမရှိပါ။ သို့ဖြစ်ပါ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးအဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် သက်ဆိုင်ရာအုပ်ချုပ်ရေးဥပဒေမူကြမ်းတစ်ရပ်ရေးဆွဲရန် ပြည်ထောင်စုအစိုးရအား ဤလွှတ်တော်မှတိုက်တွန်းကြောင်းအဆိုဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အုပ်ချုပ်ရေးအတွက် လက်ရှိအခြေအနေတွေအရ အမှန်တကယ်လိုအပ်နေတာဖြစ်တဲ့အတွက် ရှမ်းပြည်နယ်၊ ညောင်ရွှေမဲဆန္ဒနယ်မှ ကျွန်တော်ဦးဝင်းဆွေက အလေးအနက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးသိန်းညွန့်တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က ကန့်ကွက်သူရှိပါသလား။ ကန့်ကွက်သူမရှိတဲ့အတွက် အဆိုကိုဆက်လက်ဆွေးနွေးပါ့မယ်။ ဒါကြောင့် အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်ထဲရေးဝန်ကြီးဌာနက ပြန်လည်ဆွေးနွေးတင်ပြဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပဲ မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခု ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့အဆိုနှင့်စပ်လျဉ်းလို့ ကျွန်တော်ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ရှင်းလင်းဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းမည့် နိုင်ငံတော်အဖွဲ့အစည်းအဆင့်ဆင့်ရဲ့စကားရပ်များနှင့်စပ်လျဉ်းလို့ လိုက်လျောညီထွေဖြစ်စေဖို့အလို့ငှာ ၂၀၁၁ စကားရပ်များအစားထိုးခြင်းဆိုင်ရာဥပဒေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်(၁၁/၂၀၁၁)ကို ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီဥပဒေအရ အခန်း(၂) စကားရပ်များအစားထိုးခြင်းဥပဒေပုဒ်မ ၂ မှာ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ကြေညာချက်များ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများမှာပါရှိသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဆင့်ဆင့်နှင့် ဥက္ကဋ္ဌဆိုသည့်စကားရပ်အစား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး

ဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဟူ၍ ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အလို့ငှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်(၁၆/၂၀၁၀)ကို ပြဋ္ဌာန်းထားရှိပြီးဖြစ်လို့ အဲ့ဒီဥပဒေနဲ့အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၀ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၃ ပုဒ်မခွဲ(ခ)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အကြီးအမှူးသည် ရာထူးအလျှောက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရဲ့ အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ရပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၀ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၆၁ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံးလည်းဖြစ်ပါတယ်။ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှလိုက်နာကျင့်သုံးရတဲ့ တည်ဆဲဥပဒေတွေနဲ့အညီ သက်ဆိုင်ရာအုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့အပြင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဥပဒေနဲ့အညီ စီမံအုပ်ချုပ်လျက်ရှိပါသဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အုပ်ချုပ်ရေးဥပဒေပြဋ္ဌာန်းရန် မလိုအပ်ကြောင်းတွေ့ရှိရပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၈ မှာ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်တို့၏အုပ်ချုပ်ရေးကို နိုင်ငံ့ဝန်ထမ်းများအား တာဝန်ပေးဆောင်ရွက်စေရမည်လို့ပြဋ္ဌာန်းထားရှိပါတယ်။ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများကဆောင်ရွက်ရာမှာ လိုက်နာကျင့်သုံးရတဲ့တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာအုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ယခုအခါ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များမှာ ပံ့ပိုးကူညီနိုင်ဖို့ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရဲ့ကြီးကြပ်လမ်းညွှန်မှုနှင့် ခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ သို့ပေမယ့်လည်း ခရိုင်နှင့် မြို့နယ်အဆင့်များမှာ လက်ခံကျင့်သုံးလျက်ရှိတဲ့ အုပ်ချုပ်ရေးဆိုင်ရာတည်ဆဲဥပဒေများအား ခေတ်ကာလနှင့် အခြေအနေနဲ့လျော်ညီအောင် ရေးဆွဲပြဋ္ဌာန်းရန်

လိုအပ်မယ်ဆိုလို့ရှိရင်တော့ ဒီဥပဒေတွေကို စီမံခန့်ခွဲတဲ့ သက်ဆိုင်ရာဌာန/အဖွဲ့အစည်းတွေက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၀ ပုဒ်မခွဲ(က)နဲ့အညီ ပြင်ဆင်ရေးဆွဲဆောင်ရွက်သွားနိုင်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုတင်သွင်းတဲ့ ဦးသိန်းညွန့်ရဲ့သဘောထားနှင့် ဆွေးနွေးတင်ပြချက်သိလိုပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ခုနက ဒုတိယဝန်ကြီး နိဂုံးမှာပြောသွားတဲ့အချက်ကတော့ ကျွန်တော်လည်းကြိုဆိုပါတယ်။ ဒါပေမယ့် ဒီနေရာမှာ အရေးကြီးဆုံးက စကားရပ်များအဓိပ္ပာယ်ဖွင့်ဆိုရေးမှာ နဝတ၊ နယက ခေတ်ကတော့ ဒီစကားရပ်အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးအရ ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့ပေါ့။ ဟိုတုန်းက ဆွဲခဲ့တဲ့ဥပဒေရဲ့အလုပ်အမှုဆောင်အဖွဲ့ရဲ့အဆင့်ဆင့် တာဝန်နှင့် လုပ်ပိုင်ခွင့်ဟာ တိုင်း၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့တွေကကို ဆက်လက်ကျင့်သုံးတယ်ဆိုတာ ဥပဒေအရမှန်ပါတယ်။ ဒါပေမယ့် ပြဿနာက ၂၀၀၈ ခုနှစ် အခြေခံဥပဒေပုဒ်မ ၂၈၈ မှာကျတော့ ခရိုင်နှင့်မြို့နယ်အဆင့်အုပ်ချုပ်ရေးကို ဝန်ထမ်းများဖြင့်ဆောင်ရွက်မယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အဲ့ဒါကြောင့် ဘယ်ဌာန၊ ဘယ်ဝန်ထမ်းကို ဘယ်လိုတာဝန်ပေးတယ်ဆိုတဲ့ တိကျတဲ့ဥပဒေတစ်ရပ်ပြဋ္ဌာန်းထားခြင်း မရှိပါဘူး။ ဒီလိုပါပဲ ခေတ်ကာလနဲ့မလျော်ညီတဲ့အချက်တွေကို မြို့နယ်အုပ်ချုပ်ရေး၊ ခရိုင်အုပ်ချုပ်ရေး အဲ့ဒီအပြင် ခုနက တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးကြီးတွေကို တိုင်းနှင့် ပြည်နယ်အစိုးရအဖွဲ့မှာ အတွင်းရေးမှူးဖြစ်သွားတယ်ဆိုတာနဲ့တစ်ပြိုင်တည်း သူတို့နှင့်ပတ်သက်ပြီး သီးသန့်ဥပဒေမပြဋ္ဌာန်းရဘူးဆိုတာမဟုတ်ပါဘူး။ ဒါ ရုံးအဖွဲ့လုပ်ငန်းအနေနဲ့ အတွင်းရေးမှူး သို့သော် သူတို့အတွက် သီးသန့်ဥပဒေပြဋ္ဌာန်းဖို့လိုတယ်ဆိုတာ အခု ဧရာဝတီတိုင်း အထွေထွေအုပ်ချုပ်ရေးမှူး ဦးအေးကျော်ကိစ္စကိုပဲ သာဓကတင်ပြထားပြီးတော့ ဥက္ကဋ္ဌကြီးအနေနဲ့ ဒီဟာကို ကျယ်ကျယ်ပြန့်ပြန့်ကျန်တဲ့ လွှတ်တော်ကိုယ်စားလှယ်များဆွေးနွေးသင့်တယ်လို့ ဥက္ကဋ္ဌကြီးရဲ့ အဆုံးအဖြတ်ကိုနာခံပါမယ်။ သို့မဟုတ်ပဲနဲ့ အခုဒုတိယဝန်ကြီးတင်ပြချက်အပေါ်မှာ လုံလောက်ပြီးဖြစ်တယ်လို့ ယူဆပြီးတော့ ဒီအဆိုကို ဆက်လက်ဆောင်ရွက်ဖို့ မှတ်တမ်းတင်ထားမယ်ဆိုရင်လည်း ဥက္ကဋ္ဌကြီးရဲ့ အဆုံးအဖြတ်ကို ကျွန်တော်လက်ခံပါတယ်။ ကျွန်တော်ကတော့ ဥက္ကဋ္ဌကြီးရဲ့ အဆုံးအဖြတ်အတိုင်း လိုက်နာဆောင်ရွက်သွားပါမယ်။ ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်က ဗေဒင်ဆရာမဟုတ်ဘူး။ ဒါပေမယ့် နိုင်ငံရေးတော့ ဟောကိန်းထုတ်တယ်။ သူလည်း ဥက္ကဋ္ဌကြီးကို ပုံပြီးတာဝန်ပေးသွားတယ်။ အဲဒီတော့ ဒီအဆိုနဲ့ ပတ်သက်လို့

အင်မတန်ကောင်းမွန်တဲ့လိုလားတဲ့အဆိုတစ်ခုဖြစ်ပါတယ်။ အဲဒီအတိုင်းပဲ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရှင်းပြသွားတာလည်း အတော်အတန်တော့ ပြည့်စုံသဘောပေါက်ပါတယ်။ သို့ရာတွင် ဦးသိန်းညွန့် အကြံပြုသလိုပဲ ဒါနဲ့ပတ်သက်ပြီးတော့ ဒီနေ့ လွှတ်တော်မှာပဲ အပြီးသတ်ဆုံးဖြတ်ချင်ပါတယ်။ နောက်ထပ်လည်း သီးခြားအချိန်ပေးဖို့အတွက်လည်း လွှတ်တော်မှာ အချိန်နည်းနေတဲ့အတွက် အခု ဒီအဆိုပေါ် ဆွေးနွေးတင်ပြလိုတဲ့ ကိုယ်စားလှယ်ရှိလို့ရှိရင် ဆွေးနွေးတင်ပြဖို့ လွှတ်တော်ဥက္ကဋ္ဌ က ဖိတ်ခေါ်ပါတယ်။ ဦးရဲထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)။** ။ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ဦးသိန်းညွန့်တင်သွင်းသွားတဲ့အဆိုနဲ့ပတ်သက်လို့ရှိရင် ကျွန်တော် သဘောပေါက်သလောက်ပြောရမယ်ဆိုလို့ရှိရင် ဒီဖွဲ့စည်းပုံအခြေခံဥပဒေမှာ ကျွန်တော်တို့ပုဒ်မ ၂၈၈ မှာ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်တို့၏အုပ်ချုပ်ရေးကို နိုင်ငံ့ဝန်ထမ်းများအား တာဝန်ပေးဆောင်ရွက်စေရမည်ဆိုပြီး အဲ့ဒီလိုပဲဖော်ပြထားပါတယ်။ အဲ့ဒီလို ဖော်ပြထားတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့က ဒီအဆင့်အုပ်ချုပ်ရေးတွေနဲ့ ပတ်သက်လို့ရှိရင် သီးသန့်ဥပဒေပြုဖို့လိုအပ်ပါတယ်လို့ ကျွန်တော် ယူဆပါတယ်။ ခုနကပြည်နယ်အဆင့်မှာကတော့ ပြည်နယ်အစိုးရအဖွဲ့ဆိုတာရှိပြီး ဖြစ်ပါတယ်။ အဲ့ဒီပြည်နယ်အစိုးရဥပဒေကလည်း ထွက်ထားပြီး ဖြစ်ပါတယ်။ အဲ့ဒီဟာကိုလက်တွေ့ကျင့်သုံးဖို့လိုပါတယ်။ အဲ့ဒီတော့ ဒါပေမယ့် ဦးသိန်းညွန့် ဆွေးနွေးသွားတဲ့ ဒီဆွေးနွေးချက်ထဲမှာ ကျွန်တော်တို့နိုင်ငံဟာ အခုအပေါ်ပိုင်းက ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကို ကျွန်တော်တို့ လျင်လျင်မြန်မြန်ပြောင်းလဲချင်ပေမယ့် ပြည်သူလူထုက ဒီအခွင့်အရေးတွေကို မခံစားရတာ သွားချင်တဲ့လမ်းကြောင်းအပေါ်ကို မြန်မြန်ဆန်ဆန်အကောင်အထည်မဖော်နိုင်တာတွေက မြို့နယ်အဆင့်နှင့်ခရိုင်အဆင့်မှာ အုပ်ချုပ်တဲ့လူဟာ ပြည်သူလူထုက ရွေးကောက်တင်မြှောက်ထားတဲ့ ပုဂ္ဂိုလ်မဟုတ်လို့ အဓိကပြဿနာဖြစ်နေတယ်လို့ကျွန်တော် ယူဆပါတယ်။ အဲ့ဒီတော့ အဲ့ဒီနေရာမှာကျွန်တော်တို့က တိုင်းပြည်လည်း ဝန်ထုပ်ဝန်ပိုး သက်သာစေ၊ ပိုလည်းထိရောက်စေ၊ အပြန်အလှန်လည်း Check and Balance ဖြစ်စေဖို့ အတွက်ဆိုရင် မြို့ဝန်နှင့်ခရိုင်ဝန်ဆိုပြီးတော့ ပြည်သူလူထုရွေးကောက်တဲ့အုပ်ချုပ်ရေးသမား ရှိဖို့လိုပါတယ်။ အဲ့ဒါကအမေရိကန်စနစ်နဲ့ သွားတူလိမ့်မယ်လို့ ထင်ပါတယ်။ အဲ့ဒီပုဂ္ဂိုလ်များသည် ဆုံးဖြတ်တဲ့ အခွင့်အာဏာရှိမှာဖြစ်ပေမယ့် ဥပဒေနှင့်အညီအုပ်ချုပ်ရမှာဖြစ်တော့ သူတို့ကို ယခုလက်ရှိ မြို့နယ်အုပ်ချုပ်ရေး၊ ခရိုင်အုပ်ချုပ်ရေးမှူးတွေက ထောက်ပံ့ကူညီပြီးတော့ ဥပဒေနှင့်ညီအောင် အကြံပြုနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ဒီအဆိုဟာ ကျွန်တော်တို့ဥပဒေပြုဖို့သက်သက် ဖြစ်တယ်ဆိုရင်တော့ ကျွန်တော်တို့ကဆွေးနွေးဖို့မသင့်ဘဲနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်တဲ့ အခါမှာသာ

ခုနကဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ ပုဒ်မ ၂၈၈ ကိုပြင်ဆင်ပြီးတော့ မြို့ဝန်နှင့် ခရိုင်ဝန် အဆင့်တွေကို ပြည်သူလူထုရွေးကောက်တဲ့ပုံစံ ကျွန်တော်တို့ပြင်ဆင်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ နိုင်ငံအခြေအနေဟာ အများကြီးတိုးတက်ကောင်းမွန်သွားလိမ့်မယ်လို့ ယူဆပါတယ်။ ကျွန်တော် ဒီလောက်ပဲ ပြောချင်ပါတယ်။(သြဘာသံများ)

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။လေးစားရပါသော ဥက္ကဋ္ဌကြီးရှင့်။ ရှေးအရင် ၁၉၆၂ မတိုင်ခင် ပါလီမန်ခေတ်မှာဆိုလို့ရှိရင် District တွေမှာဆိုလို့ရှိရင် District Council ဆိုတဲ့အဖွဲ့ရှိပါတယ်။ အဲဒီအဖွဲ့တွေကနေပြီးတော့ ထိန်းကျောင်း ပေးတာရှိပါတယ်။ နောက်တစ်ခါ မဆလလက်ထက်ကျတော့ အစိုးရကထုတ်ပြန်တဲ့ စာအုပ် ၂၇ ရှိပါတယ်။ စာအုပ် ၂၇ အရ သူက ၁၉၇၂ ခုနှစ်မှာ စာအုပ် ၂၇ ရေးပါတယ်။ ၁၉၇၄ မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်အရ သူကသုံးဖို့ အတွက် အဆင်သင့်စာအုပ် ၂၇ ကြီးကို ၇၂ ထဲကရေးပြီးတော့ ၇၄ မှာ အုပ်ချုပ်ရေးယန္တရားကို အဲ့ဒီစာအုပ်ကြီးထဲက သုံးခဲ့တာပါ။ အဲ့ဒီတော့ အဲ့ဒီဟာကို ပြန်စဉ်းစားရမှာပါ။ နောက်တစ်ချက်က နိုင်ငံ့ဝန်ထမ်းဥပဒေမှာပါပြီးသား ဖြစ်ပါတယ်။ အဲ့ဒါကြောင့် ဥပဒေထပ်ပြုရန် မလိုလို့ယူဆပါတယ်။ (သြဘာသံများ)

**ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ(ကျောက်မဲမဲဆန္ဒနယ်)**။ ။လေးစားအပ်သော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ အခု ဦးသိန်းညွန့် တင်သွင်းတဲ့အဆိုကလိုအပ်တယ်ဆိုတဲ့ဘက်ကနေ ဆွေးနွေးချင်ပါတယ်။ ဘာကို အခြေခံဆွေးနွေးမလဲဆိုတော့ ကျွန်တော်တို့ အစိုးရသစ်ပေါ်ပေါက်ပြီးတဲ့ အချိန်ကနေ ကနေ့အထိ ကျွန်တော်တို့ အောက်ခြေမှာ မျှော်မှန်းလို့ မဖြစ်ဘူးဆိုတာက အုပ်ချုပ်ရေးမှူး တွေရဲ့တာဝန်ကို တိတိကျကျပြဋ္ဌာန်းထားတာမရှိသလို လွှတ်တော်နဲ့ ဆက်သွယ်ဖို့လမ်းကိုလည်း တိတိကျကျမရှိတဲ့အတွက် ကျွန်တော်တို့ရဲ့မြို့အခြေခံရဲ့ Case 30 အနေနဲ့ ပြောရမယ်ဆိုရင် ကျွန်တော်တို့ ပြည်သူလူထုက ကိစ္စရပ်တစ်ခုခု အခက်အခဲတင်ပြလာရင် အုပ်ချုပ်ရေးမှူးကို ဆက်သွယ်တယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးက လုံးဝဘာမှတာဝန်မယူဘူး။ သူ့ရဲ့အဆင့် ခရိုင်ကို ဆက်တင်ပေးမယ်လို့ပြောတယ်။ ခရိုင်ကိုဆက်မေးတော့လည်း ခရိုင် ပြည်နယ်အစိုးရကို မေးတယ် လို့ပဲပြောတယ်။ အဖြေဟာလုံးဝထွက်မလာဘူး။ အဓိပ္ပာယ်က သတ်သတ်မှတ်မှတ်လိုက်နာ ကျင့်သုံး ရမယ့်စည်းမျဉ်း၊ စည်းကမ်းတွေ၊ ညွှန်ကြားချက်တွေ မရှိလို့ပဲဖြစ်တယ်လို့ပဲ ကျွန်တော်ယူဆပါတယ်။ ကျွန်တော်တို့အနေနဲ့တော့ အခုဆိုရင်တော့ ကိုယ့်မြို့နယ်မှာ မြို့နယ်အုပ်ချုပ်ရေးမှူးရော၊ ခရိုင် အုပ်ချုပ်ရေးမှူးရောအဆင်ပြေပါတယ်။ ဒါပေမယ့် အဆင်မပြေတာများတယ်။ အခု ခရိုင်အုပ်ချုပ်ရေး မှူး ကျွန်တော်နှစ်ဆက်ကြုံပါတယ်။ ဒီအစိုးရသစ်လက်ထက်မှာ အရင်ခရိုင်အုပ်ချုပ်ရေးမှူးဆိုရင်

လုံးဝဘာမှ တာဝန်မယူဘူးခင်ဗျား။ ဘာဖြစ်လို့လဲဆိုတော့ သူတာဝန်မယူလည်းရတယ်။ သူ့ကို သတ်မှတ်ထားတဲ့ စည်းကမ်းလည်းမရှိဘူး။ သူလိုက်နာရမယ့် စည်းကမ်းတွေလည်း မရှိတဲ့အတွက် သူ့က အထက်ကိုပဲ မေးပေးပါတယ်။ အထက်ကိုပဲ တင်နေပါပြီဆိုတဲ့အဖြေနဲ့ပဲ ကျွန်တော်တို့ ပြည်သူလူထုရဲ့ကိစ္စကို မဖြေရှင်းခဲ့နိုင်ပါဘူး။ ဒီလွှတ်တော်စပြီးပြီးချင်း ဥက္ကဋ္ဌကြီးကလည်း Capacity Development ကိစ္စမှာ ကော်မတီဝင်တွေခေါ်တယ်။ ကျွန်တော်တို့ ပြည်နယ်တွေမှာဆိုရင် အဲဒီကတည်းက ပြဿနာစပါတယ်။ အခုဆိုရင် လပေါင်း ၃၀ ရှိပြီပေါ့။ အုပ်ချုပ်ရေးမှူး၊ မြေစာရင်း အဓိကကတော့ ကျွန်တော့်ဆီမှာ ဒါတွေများပါတယ်။ စည်းမျဉ်းစည်းကမ်းနဲ့ သူတို့လိုက်နာမယ့် ကျင့်ထုံးမရှိရင် ခုနက ကိုယ်စားလှယ်ကြီး အသီးသီးပြောသွားသလိုပဲ သမ္မတကြီးမျှော်မှန်းတဲ့ ကောင်းမွန်တဲ့အစိုးရ၊ သန့်ရှင်းတဲ့အစိုးရဆိုတာကို သွားဖို့ဆိုရင် လူထုဘယ်လောက် စိတ်ချမ်းသာနေသလဲဆိုတာနဲ့ပဲ တိုင်းရမှာပါ။ လူထုတွေဟာ ကနေ့ ကျွန်တော်ထင်ပါတယ်။ ထမင်းငတ်နေရင်တောင်မှ မှန်မှန်ကန်ကန်အုပ်ချုပ်ခံနေရရင် ပြည်သူလူထုက သူတို့ရဲ့စိတ်ချမ်းသာမှုဟာ ကျွန်တော်တို့ခုနက ကျွန်တော်တို့ဖော်ဆောင်ချင်တဲ့ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအစိုးရဆိုတာကို သွားမယ့် လမ်းကြောင်းကို ဖော်ဆောင်ပေးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူလူထုကို ကောင်းကောင်း မွန်မွန်ပေါ်ပေါက်စေချင်တဲ့ အစိုးရမျိုးပေါ်လာစေချင်တယ်ဆိုရင်တော့ အုပ်ချုပ်ရေးတာဝန်ရှိတဲ့ ပုဂ္ဂိုလ်နဲ့ ကျွန်တော်လွှတ်တော်ကိုယ်စားလှယ်နဲ့ လိုက်နာရမယ့် လမ်းညွှန်စည်းကမ်းချက်လေးတွေ ရှိမယ်ဆိုရင် ကျွန်တော်တို့က အချိန်မရွေးညှိနှိုင်းလို့ရသလို အချိန်မရွေး ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်လို့ အပြန်အလှန်သဘောပေါက်ပြီးတော့ ကျွန်တော်တို့ မျှော်မှန်းမယ့်တိုင်းပြည်ကို တည်ထောင်နိုင်မယ်လို့ ကျွန်တော်ယူဆပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။လုံလောက်ပါပြီ။ အဲဒီတော့ အဆိုရှင်ကလည်း တကယ်လို့ ဆက်လက်ဆွေးနွေးဖို့လိုမယ်လို့ ဥက္ကဋ္ဌကြီးက ထင်မြင်ယူဆတယ်ဆိုရင် ဆက်လက်ဆွေးနွေးပေးပါ။ သို့တည်းမဟုတ် ကျွန်တော့်အဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားရှိဆောင်ရွက်ပေးပါဆိုလို့ ရှိရင်လည်း အဆိုရှင်အနေနဲ့ ကျေနပ်ပါတယ်လို့ တင်ပြခဲ့ပါတယ်။ ဒီအပေါ်မူတည်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်အချို့ရဲ့ ဆွေးနွေးချက် ထပ်မံကြားသိလိုတဲ့အတွက် ကျွန်တော် ခွင့်ပြုတဲ့အခါမှာ သုံးယောက်ဆွေးနွေးပြီးသွားပါပြီ။ ဒီဟာအတွက် အဆိုနဲ့ပတ်သက်လို့ ဆွေးနွေးမှုလုံလောက်ပြီလို့ လွှတ်တော် ဥက္ကဋ္ဌက ယူဆပါတယ်။ ဒါကြောင့် ဒီလိုဆွေးနွေးတဲ့နေရာမှာ အပိုင်းနှစ်ပိုင်းသွားတွေ့ပါတယ်။ တစ်ပိုင်းက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၈ ကိစ္စ။ ဒီကိစ္စကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာဆန်းစစ်သုံးသပ်ရေးကော်မတီ ဖွဲ့စည်းပြီးဖြစ်တဲ့အတွက် ဒီကော်မတီကပဲ စဉ်းစားပြီး

ဆက်လက်ဆုံးဖြတ်ရမယ့်ကိစ္စ ဖြစ်ပါတယ်။ ကျန်တဲ့ကိစ္စကတော့ ဦးသိန်းညွန့်တင်ပြတဲ့ တင်သွင်းတဲ့ အဆိုပေါ် မူတည်ပြီး ကျွန်တော်တို့ ဆုံးဖြတ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ပြန်ပြီးတော့ သတိပြုဖို့ လိုအပ်တဲ့ကိစ္စ အချုပ်အခြာအာဏာဆိုတဲ့နေရာမှာ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေး အာဏာ၊ တရားစီရင်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာဆိုတာက ဒီနိုင်ငံအတွင်းမှာ မှီတင်းနေထိုင် ကြတဲ့နိုင်ငံသားများ၊ တိုင်းရင်းသားပြည်သူများ နိုင်ငံသားများအားလုံးဟာ ပြဋ္ဌာန်း လိုက်တဲ့ဥပဒေကို အားလုံးလိုက်နာဖို့ပဲဖြစ်ပါတယ်။ လိုက်နာဖို့အတွက် သက်ဆိုင်ရာတာဝန်ရှိတဲ့ အဖွဲ့အစည်းအသီးသီးကလည်း လိုက်နာအောင် ကြီးကြပ်ဆောင်ရွက်ဖို့ တာဝန်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတွေကို တစ်နိုင်ငံလုံးက လိုက်နာဆောင်ရွက်ရမယ်ဆိုတဲ့ဟာကို ကျွန်တော် ထပ်မံတင်ပြရခြင်း ဖြစ်ပါတယ်။ အုပ်ချုပ်ရေးအာဏာဆိုတဲ့နေရာမှာ အုပ်ချုပ်ရေး အာဏာက ထိပ်ဆုံးမှာပဲ ကျင့်သုံးပြီးတော့ ဒီအုပ်ချုပ်ရေးအာဏာကို အောက်ခြေအထိ မကျင့်သုံး မဆောင်ရွက်ဘူးဆိုလို့ရှိရင်လည်း ပြီးပြည့်စုံတဲ့ အုပ်ချုပ်ရေးအာဏာရှိမှာမဟုတ်ဘူး။ ဒါကြောင့်မို့လို့ ခုနက အုပ်ချုပ်ရေးအာဏာဖြစ်တဲ့ ပြောရမယ်ဆိုရင်တော့ ဒီနေ့ အုပ်ချုပ်ရေးအဖွဲ့အစည်း နိုင်ငံတော် သမ္မတကြီးက အုပ်ချုပ်ရေးအဖွဲ့အစည်းရဲ့ ခေါင်းဆောင်ဖြစ်တယ်။ အဲ့ဒီအတိုင်းပဲ အဆင့်ဆင့် အုပ်ချုပ်မှုတွေကို ဆက်လက်ပြီး ဆောင်ရွက်နေတဲ့အဖွဲ့တွေကတော့ တိုင်းရှိပါတယ်။ ခရိုင်ရှိပါတယ်။ မြို့နယ်ရှိပါတယ်။ ရပ်ကွက်၊ ကျေးရွာအုပ်စု ရှိပါတယ်။ အသေးငယ်ဆုံးသော အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးဆောင်ရွက်နေ တဲ့ဟာကတော့ ခုနက ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများပဲ ဖြစ်ပါတယ်။ ပြီးတော့ ဒီနေ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၈၈ အရ နိုင်ငံ့ဝန်ထမ်းများကို အုပ်ချုပ်ရေးအာဏာ ပေးနိုင်တယ်။ မြို့နယ်နဲ့ခရိုင်ကို ဒီလို ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၈၈ မှာ ဒီလိုပဲ ဖော်ပြထားပါတယ်။ ဒါကြောင့်မို့လို့ အဲဒီနေရာမှာ ဘယ်သူ့ကို တာဝန်ပေးရမယ်ဆိုတာ တိတိကျကျလိုကြောင်း အဆိုရှင်က ဒီလိုတင်ပြသွားတာ ရှိပါတယ်။ ဒီပေါ်မူတည်ပြီးတော့လည်း ပြည်ထဲရေးဒုတိယဝန်ကြီးက စကားရပ် များ အစားထိုးခြင်းဥပဒေနဲ့ ဘယ်လိုပြင်ထားပါတယ်။ ဒီထဲမှာ အကျုံးဝင်တယ်ဆိုတဲ့ သဘော ပါပါတယ်။ ဒါကြောင့်မို့လို့ အဲ့ဒီလို ပါ/မပါဆိုတာလည်း ကျွန်တော်တို့ လေ့လာသုံးသပ်ဖို့ လိုပါတယ်။ ပါတယ်ပြည့်စုံပြီ ဆိုလို့ရှိရင်လည်း ပြီးပြီပေါ့။ မပါသေးဘူး။ မပြည့်စုံသေးဘူးဆိုလို့ရှိရင်လည်း ဒီဥပဒေကို ကျွန်တော်တို့ လေ့လာသုံးသပ်ပြီးတော့ လွှတ်တော်မှာရှိတဲ့ လုပ်ပိုင်ခွင့်အရ ပြန်လည် သုံးသပ်ပြီး ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အစားထိုးရန် လိုကောင်းလည်း လိုလိမ့်မယ်၊ လိုချင်မှလည်း လိုမယ်၊ အဲ့ဒီ အပိုင်းကျတဲ့အခါကျတော့ အဓိကတာဝန်ရှိတာကတော့ ကျွန်တော်တို့လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်တွေမှာ တာဝန်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေနဲ့ပတ်သက်ပြီးတော့ အခု

တင်ပြဆွေးနွေးတဲ့နေရာမှာ ဘယ်လိုမှ တိတိကျကျ ဂဃဏနမသိသေးဘူးထင်ပါတယ်။ သိတယ်ဆိုရင်လည်း လေ့လာတဲ့နေရာမှာ ဂဃဏနစုံစုံစိစိ ရှိချင်မှရှိမယ်။ ဒါကြောင့်မို့လို့ သီးခြားကျွန်တော့်အနေနဲ့ ဒီမှာတိုက်တွန်းချင်တာက လွှတ်တော်ရဲ့အဓိကလုပ်ငန်းဖြစ်တဲ့ ဥပဒေပြုရေး၊ ဥပဒေပြုရေးဆိုတဲ့နေရာမှာ ဒီဥပဒေကို အစအဆုံး ရေးသားတင်သွင်းပြီးတော့ဥပဒေပြုတာကိုမှ ဥပဒေမဟုတ်ပါဘူး။ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ဥပဒေပြုရေးဆိုတာ တည်ဆဲဥပဒေများကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ အစားထိုးခြင်းဟာလည်း ဥပဒေပြုတာဖြစ်တဲ့အတွက် မိမိတို့ရဲ့တာဝန်ကို အဓိကထားစဉ်းစားပြီးတော့ ဆောင်ရွက်ဖို့လိုတဲ့ကိစ္စများကို ဆက်လက်ဆောင်ရွက်သွားနိုင်ဖို့ လိုပါတယ်။ အဲ့ဒီအခါမှာ ကျွန်တော်တို့လွှတ်တော်အနေနဲ့ နိုင်ငံသားများရဲ့ အကျိုးစီးပွား၊ နိုင်ငံတော်ရဲ့အကျိုးစီးပွားကို အဓိကထားပြီးတော့ ဥပဒေပြုဖို့ ရည်မှန်းဆောင်ရွက်နေတာဖြစ်တဲ့အတွက် တည်ဆဲဥပဒေလို့ဆိုရင်လည်း ဒီတည်ဆဲဥပဒေကို လေ့လာပြီးတဲ့အခါမှာ နိုင်ငံတော်အနေနဲ့ နိုင်ငံသားများအကျိုးစီးပွားကို တကယ်ဖြစ်သလား၊ မဖြစ်သလား။ ဖြစ်တယ်ဆိုရင်တော့ ဒီဥပဒေဒီအတိုင်းဆက်လက်အတည်ပေါ့။ မဖြစ်ဘူးဆိုရင် ပြင်ဆင်စရာရှိပြင်ပေါ့၊ ပယ်ဖျက်စရာရှိပယ်ဖျက်ပေါ့၊ အစားထိုးစရာရှိ အစားထိုးပေါ့။ ဒီဟာမှသာ ဒီနေ့နိုင်ငံနဲ့နိုင်ငံသားများ အကျိုးစီးပွားဖြစ်မှာဖြစ်တဲ့အတွက် ကျွန်တော်လွှတ်တော်ကို ပြန်တင်ပြပါမယ်။ ခုနက ဦးသိန်းညွန့်က တင်ပြတဲ့နေရာမှာ သူ့ရဲ့အဆိုကို မှတ်တမ်းတင်ထားရှိပါ။ ဒါလည်း မှတ်တမ်းတင်ထားရှိနိုင်ပါတယ်။ မှတ်တမ်းတင်ထားရှိရုံနဲ့ လုံလောက်မလားဆိုတဲ့အခါမှာ ကျွန်တော်တို့ လွှတ်တော်ဘက်က ဒီဥပဒေကို ပြန်လေ့လာသုံးသပ်ပြီးတဲ့အခါမှာ ဘယ်ဟာပယ်စရာရှိလဲ၊ ဘယ်ဟာ ပြင်စရာရှိလဲ၊ ဘယ်ဟာ အစားထိုးစရာရှိတာလဲ အဲဒီလို စိစစ်ဆောင်ရွက်နိုင်မှသာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ တာဝန်ကျေမှာ ဖြစ်ပါတယ်။ အဲ့ဒီလိုဆောင်ရွက်တဲ့အခါမှာလည်း မိမိတို့ပြင်ချင်တိုင်းပြင်၊ လုပ်ချင်တိုင်းလုပ်ဖို့မဟုတ်ဘဲနဲ့ သက်ဆိုင်ရာတာဝန်ယူ၊ တာဝန်ခံမည့် အဖွဲ့အစည်းများနဲ့ ဝိုင်းဝန်းညှိနှိုင်းပြီးဆုံးဖြတ်မယ်ဆိုလို့ရှိရင် ဒီနေ့ကျွန်တော်တို့ ကျင့်သုံးနေတဲ့ ဒီမိုကရေစီစနစ်ကိုလည်း မှန်မှန်ကန်ကန်ကျင့်သုံးဆောင်ရွက်သွားမှာဖြစ်သလို တစ်ဖက်ကလည်း အပြန်အလှန် လေးလေးစားစားနဲ့ Check and Balance လုပ်နိုင်မည့်အခွင့်အရေးလည်းရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်တင်သွင်းတဲ့ ယနေ့ကာလတွင် ပြည်ထောင်စုလွှတ်တော်က ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး ဥပဒေပြဋ္ဌာန်းခဲ့ပြီး ဖြစ်သော်လည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်အုပ်ချုပ်ရေးအဆင့်၊ ခရိုင်အဆင့်နဲ့ မြို့နယ်အဆင့်အုပ်ချုပ်ရေးကို အုပ်ချုပ်ရေးဥပဒေပြဋ္ဌာန်းခြင်းမရှိသေးဘဲ တာဝန်ပေးဆောင်ရွက်စေခြင်းသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့်

ဆီလျော်ခြင်းမရှိပါ။ သို့ဖြစ်ပါ၍ တိုင်းဒေသကြီးနှင့် ပြည်နယ် အုပ်ချုပ်ရေးအဆင့်နှင့် ခရိုင်အဆင့်နဲ့ မြို့နယ်အဆင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးဥပဒေမူကြမ်းတစ်ရပ်ရေးဆွဲရန် ပြည်ထောင်စုအစိုးရအား ဤလွှတ်တော်မှ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားရှိရန်အတွက် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူသူမရှိတဲ့ အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်တင်သွင်းတဲ့ ယနေ့ကာလတွင် ပြည်ထောင်စု လွှတ်တော်က ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး ဥပဒေပြဋ္ဌာန်းခဲ့ပြီးဖြစ်သော်လည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်အုပ်ချုပ်ရေးအဆင့်၊ ခရိုင်အဆင့်နဲ့ မြို့နယ်အဆင့်အုပ်ချုပ်ရေးကို အုပ်ချုပ်ရေးဥပဒေပြဋ္ဌာန်းခြင်းမရှိသေးဘဲ တာဝန်ပေးဆောင်ရွက်စေခြင်းသည် ဒီမိုကရေစီ ပြုပြင် ပြောင်းလဲရေးနှင့် ဆီလျော်ခြင်းမရှိပါ။ သို့ဖြစ်ပါ၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အုပ်ချုပ်ရေးအဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် သက်ဆိုင်ရာအုပ်ချုပ်ရေးဥပဒေမူကြမ်းတစ်ရပ်ရေးဆွဲရန် ပြည်ထောင်စု အစိုးရအား ဤလွှတ်တော်မှ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားရှိကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။မှတ်တမ်းတင်ထားရှိကြောင်းအပြင် ကျွန်တော် တင်ပြခဲ့တဲ့ လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အခု တည်ဆဲဥပဒေအပေါ် ပြန်လေ့လာသုံးသပ်ပြီး ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အစားထိုးရန်ရှိသည်များကိုလည်း မိမိတို့စိတ်ကောင်းစေတနာများနဲ့ စဉ်းစားပြီးတဲ့အခါမှာ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်ဖို့ဖြစ်စေကြောင်းလည်း ကျွန်တော့်အနေနဲ့ တိုက်တွန်းပါ တယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၃)ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ ကျင်းပမည့်ရက်ကို ၂၀၁၃ ခုနှစ်၊ သြဂုတ်လ ၂၀ ရက်

၁၀၀၀ နာရီအချိန်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနဲ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၃၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**[**ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ၁၃း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။**]**